

စိတ်ကူးချိုချိုအနုပညာ

# အငိုအစ၊ အပြုံးအလယ်၊ အရယ်အဆုံး

## မောင်ထွန်းသူ






မောင်ထွန်းသူ

tun0020

1800.00 Ks

အငိုအစ၊ အပြုံးအလယ်၊ အရယ်အဆုံး

mgyoe.com

mgyoe.com

# အငိုအစ အပြုံးအလယ် အရယ်အဆုံး

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၁၂၅၀၁၀၈ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၈၆၀၀၆၀၈ တို့ဖြင့်

မျက်နှာဖုံးဒီဇိုင်း ဿ.ဒ.ဝပြုလုပ်ပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချို စာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်နှင့် ပုံနှိပ်သူ - ဦးနိုင်ဦး၊ ငွေပြည်တော်ပုံနှိပ်တိုက်၊ သိမ်ဖြူလမ်း၊ ရန်ကုန်တို့က ပထမ အကြိမ် စောင်ရေ- ၅၀၀ ရိုက်နှိပ်ကာ ၂၀၀၉ ခု၊ မတ်လတွင် တန်ဖိုး ၁၈၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် - ကိုမြင့်

mgyoe.com

mgyoe.com

# အမှာစကား

(၁)

ဤဝတ္ထု၏ဇာတ်လိုက်သည် 'အင်နီ'ဟု ခေါ်သော ကောင်မလေး ဖြစ်သည်။ အင်နီသည် အသက် ဆယ့်ရှစ်နှစ်မျှသာ ရှိသေးသည်။ မျက်လုံးပြာပြာနှင့် မိန်းမချော မိန်းမလှလေး ဖြစ်၏။ နယူးယောက်မြို့တော် ဘရွတ်ကလင်းမြို့နယ်မှ မိန်းကလေး ဖြစ်သည်။ စာရေးဆရာက အင်နီအား 'ဘရွတ်ကလင်းမှ ဂျူးလီးယက်' ဟု အမည်ပေးထားသည်။

အင်နီသည် အမေရိကန် အနောက်အလယ်ပိုင်း ဒေသရှိ တက္ကသိုလ်တစ်ခုမှ ဥပဒေကျောင်းသား တစ်ယောက်နှင့် ချစ်ကြိုးနှောင်မိခဲ့ကြသည်။ ဤတွင် သူ့ချစ်သူ 'ရိုမီယို' နှင့် လက်တွဲကာ နှစ်ဖက်မိဘများအား ဆန့်ကျင်ခဲ့ရသည်။ သူတို့ဆီက ရှေးလူကြီးများ၏ဆိုရိုးစကားအတိုင်း သူတို့ နှစ်ယောက်သည် ဘုရားရှိခိုးကျောင်းထဲမှ ကြွက်ကလေးနှင့် တူနေသည်။

မည်သို့ပင်ဖြစ်စေ သူတို့နှစ်ယောက်သည် 'အကောင်းတွေ လာလိမ့်မည်' ဟူသော မျှော်လင့်ချက်ဖြင့် အနာဂတ်ကို စောင့်မျှော်ကြသည်။ တစ်ယောက်အပေါ် တစ်ယောက် ချစ်ခင်ခြင်း၊ တွယ်တာခြင်း၊ ညှာတာထောက်ထားခြင်း စသည်များဖြင့် ရစ်ပတ်ဖွဲ့နှောင်ကာ ဘဝကို ရင်ဆိုင်ကြသည်။ ဤသို့ဖြင့် ဤဝတ္ထုတွင် အင်နီသည် ချစ်စရာ သနားစရာကောင်းသည့် 'သူ့ရဲ့ကောင်းမလေး' ဖြစ်လာခဲ့လေသည်။

mgyoe.com

(၂)

ဤဝတ္ထုကိုရေးသူမှာ အမေရိကန်အမျိုးသမီးစာရေးဆရာမ 'ဘက်တီ စမစ်' (Betty Smith) ဖြစ်သည်။ ဘက်တီစမစ်သည် ဘရွတ်ကလင်းမြို့နယ်သူဖြစ်၏။ ငယ်ငယ်ရွယ်ရွယ်နှင့် အိမ်ထောင်ကျခဲ့သော ဘက်တီစမစ်သည် သမီးနှစ်ယောက်ရခါမှ မီရှီဂန်တက္ကသိုလ် (The University of Michigan) တွင် အထူးအခွင့်ရကျောင်းသူအဖြစ် ဝင်ရောက်ကာ ပညာသင်ကြားခဲ့ရသူ ဖြစ်သည်။

ငယ်ရွယ်စဉ်က သူ လိုချင်သော ပညာကို မသင်ခဲ့ရသော ဘက်တီစမစ်သည် စာပေဘက်တွင် ထူးချွန်လာအောင် အဆင်းရဲ အပင်ပန်းခံ၍ သင်ကြားလေ့လာခဲ့သည်။ အထက်တန်းကျောင်းသူဘဝကတည်းက စာအလွန်ဖတ်ခဲ့သော ဘက်တီစမစ်အား တော်ရုံတန်ရုံတက္ကသိုလ်ကျောင်းသားတစ်ယောက်က လိုက်မီဖို့ မလွယ်ဟုပင် ပြောစမှတ်ပြုခဲ့ကြရသည်ဟု ဆိုသည်။ မီရှီဂန်တက္ကသိုလ်၌ သူ ဘွဲ့ရသည့်အခါ ပြဇာတ်နှင့် ဝတ္ထုဆိုင်ရာ အေဗရီဟော့ပ်ဝုဒ် စာပေဆု ရရှိခဲ့လေသည်။

နောက်ပိုင်းတွင် ဘက်တီစမစ်သည် ယေးလ်ပြဇာတ်သင်တန်းကျောင်းတွင် တက်ရောက်၍ ပညာသင်ကြားခဲ့ပြန်သည်။ ထို့နောက် The Federal Theater Project ခေါ် ပြည်ထောင်စုဇာတ်သဘင် စီမံကိန်းဌာနမှ သူ့အား မြောက်ကာရိုလိုင်းနားတက္ကသိုလ်သို့ စေလွှတ်၍ ပညာ ဆက်လက်ဆည်းပူးခွင့်ပေးခဲ့သည်။

ပညာသင်ယူနေစဉ်အတွင်း ဘက်တီစမစ်သည် တစ်ခန်းရပ် ပြဇာတ်ပေါင်း ခုနစ်ဆယ့်နှစ်ပုဒ်တိတိ ရေးသားခဲ့ရာ ယင်းတို့အား ပုံနှိပ်ထုတ်ဝေခြင်း၊ စင်တင်ခြင်း စသည်များ ပြုလုပ်ခဲ့ကြ၏။ သို့သော်လည်း ပါရမီထူးသော ဤစာရေးဆရာမသည် သူ့ဝတ္ထုများကြောင့် လူသိများကာ ထင်ရှားကျော်ကြားလာခဲ့သည်။

သူ၏ A Tree Grows in Brooklyn, Tomorrow Will Be Better, Maggle-Now, Joy in the Morning စသော ဝတ္ထုကြီးများသည် အလွန်လူကြိုက်များသော ဝတ္ထုကြီးများ ဖြစ်သည်။ အထူးသဖြင့် A Tree Grows in Broocklyn ဝတ္ထုသည် ကမ္ဘာ့စာဖတ်ပရိသတ်ကများစွာ နှစ်သက်လက်ခံခဲ့သောဝတ္ထုကြီးဖြစ်သည်။ ယင်းဝတ္ထုကို ဘာသာ

mgyoe.com

mgyoe.com

ပေါင်း လေးဆယ်ကျော်မျှ ပြန်ဆိုခဲ့ပြီးပြီဖြစ်၏။ ဒုတိယနာမည်အကြီးဆုံးနှင့် လူကြိုက်အများဆုံးဝတ္ထုသည် ဤဝတ္ထု Joy in the Morning ဖြစ်လေသည်။

(၃)

ဤဝတ္ထုကို ဖတ်ကြည့်ဖို့ အကြံပေးသူမှာ ခရီးသွားဆောင်းပါးများ ရေးဖော်ရေးဖက် စာရေးဆရာ 'စောရွှေဗိုလ်' ဖြစ်သည်။ ထိုစဉ်ကတည်းက သူက တိုက်ရိုက် မပြန်ဆိုဘဲ မှီးရေးဖို့ အကြံပြုခဲ့သည်။ ကျွန်တော် ဖတ်မိသည့်အခါ ကြိုက်သည်။ သို့သော်လည်း သူ ပြောသလို မှီး၍ ရေးလိုစိတ် မရှိ။ တိုက်ရိုက်ပင် မြန်မာပြန်လိုသည်။ ဘဝင်မကျ စိတ်နှစ်ခွ ဖြစ်နေသဖြင့် ဤစာအုပ်ကို မလုပ်ဖြစ်ဘဲ အမှတ်တမဲ့ ပစ်ထားမိခဲ့ပါသည်။

သို့သော်လည်း ကျွန်တော့်သား 'နွေလု' တစ်ယောက် အသက်ဆယ့်ခုနစ်နှစ် မပြည့်သေးမီ အိမ်ထောင်ကျသွားသည့်အခါတွင်မှ ထိုစာအုပ်ကို ကျွန်တော် သတိရလာသည်။ ချက်ချင်း ပြန်ဖတ်ကာ မြန်မာပြန်ခဲ့၏။ စာအုပ်ကိုလည်း 'တစ်နိုင်ငံလုံးရှိ လူငယ်များသို့' ဟု ရည်ညွှန်းခဲ့သည်။ သို့သော်လည်း အခန်းသုံးခန်းအပြီးတွင် ကျွန်တော် ပြောမပြလိုသည့် နာကြည်းစရာအကြောင်းတစ်ခုကြောင့် ထိုစာအုပ်ကို ဆက်၍မပြန်ဆိုတော့ဘဲ ပစ်ထားခဲ့ပါသည်။

၁၉၉၀ ပြည့်နှစ်တွင် ကျွန်တော့်သား 'နွေလု'က ထိုစာအုပ်ကို သူ မြန်မာပြန်လိုပါသည်ဟု ဆိုသည်။ 'မင်း လုပ်ချင်ရင် လုပ်ကြည့်ပေါ့' ဟု ပြောကာ စာအုပ်ကို သူ့အား ပေးလိုက်သည်။ သူသည် ဤစာအုပ်ကို မြန်မာပြန်ခဲ့သည်။ သူသည် အခန်းတစ်ခန်းပြီးတိုင်း ကျွန်တော့်အား လာပြသည်။ "ဖတ်ပေးပါ။ ပြင်ပေးပါ" ဟု အပူကပ်သည်။ ကျွန်တော် ဖတ်သည်။ ပြင်ပေးသည်။ သို့သော်လည်း သူ အပြီးမသတ်နိုင်ခဲ့ပါ။ ဘာ့ကြောင့် အပြီးမသတ်နိုင်ပါသနည်း။ ကျွန်တော် မပြောချင်တော့ပါ။

(၄)

'အငိုအစ အပြုံးအလယ် အရယ်အဆုံး' ဟု မြန်မာအမည် ပေးထားသော ဤဝတ္ထု Joy in the Morning သည် စာရေးဆရာမ ဘက်တီစမစ်

mgyoe.com

mgyoe.com

၏ ဘဝတစ်စိတ်တစ်ပိုင်းကို မြင်နိုင်သည့် ဝတ္ထု ဖြစ်သည်ဟု စာပေပညာရှင်အချို့က ဆိုခဲ့ကြသည်။ စာအုပ်ကိုဖတ်မိသည့်အခါ ထိုအဆိုသည် မှန်နိုင်စရာရှိသည်ဟု ကျွန်တော် ယူဆမိပါသည်။

ဝေဖန်ရေးဆရာ အချို့ကမူ ဤဝတ္ထုသည် ဆယ်ကျော်သက်အရွယ်လူငယ်လူရွယ် အမျိုးသား အမျိုးသမီးများအတွက် အားကျစရာ၊ အားတက်စရာ၊ သင်ခန်းစာယူစရာအများအပြားကို တွေ့နိုင်သည့် အချစ်ဝတ္ထုတစ်ပုဒ်ဟု သုံးသပ်ခဲ့ကြသည်။ ထိုသုံးသပ်ချက် မှန် မမှန်ကိုမူ စာဖတ်ပရိသတ်က အဆုံးအဖြတ်ပေးနိုင်လိမ့်မည်ဟု ထင်ပါသည်။

တစ်ချိန်က ဤဝတ္ထုသည် ဘက်ဆဲလား (Best seller) စာရင်းဝင်စာအုပ်တစ်အုပ် ဖြစ်ခဲ့သည်။ တစ်ကမ္ဘာလုံးက နှစ်သက်လက်ခံသဖြင့် သန်းနှင့်ချီ၍ ရောင်းခဲ့ရသော စာအုပ်အဖြစ် ထင်ရှားခဲ့သည်။ တကယ်တော့ ဤဝတ္ထုသည် စိတ်ဝင်စားဖွယ်ကောင်းသည့် လွမ်းမောကြည်နူးဖွယ်ရာ အချစ်ဝတ္ထုလေးတစ်ပုဒ် ဖြစ်ပါသည်။

ကျွန်တော် ဤဝတ္ထုကို ပြန်ဆိုရာ၌ မူရင်းစာအုပ်ကို ပြန်ဆိုထားခြင်း မဟုတ်ပါ။ မူရင်းစာအုပ်မှာ အတော်ကလေး ထူသဖြင့် တန်ဖိုးမသေးသည့် စာအုပ်ထူထူတစ်အုပ် ဖြစ်လာနိုင်ဖို့ ရှိပါသည်။ ထို့ပြင်လည်း ကျွန်တော့်သား 'နွေလု' ယူသွားသော မူရင်းဝတ္ထုမှာ ယနေ့အထိ ပြန်ရှာ၍ မရတော့ပါ။ ယင်းအကြောင်းများကြောင့် မူရင်းကို မပြန်နိုင်ခြင်း ဖြစ်ပါသည်။

ယခု ကျွန်တော် အခန်းဆက်ဝတ္ထုကို ပြန်ဆိုသည်မှာ Reader's Digest Condensed Book Volume One, 1964 Winter Selections ပါ Joy in the Morning ကို ပြန်ဆိုထားခြင်း ဖြစ်ပါသည်။

ဤဝတ္ထုကို အခန်းဆက်အဖြစ် ထည့်သွင်းရန် စီစဉ်ခဲ့ကြသည့် 'Fashion Image မဂ္ဂဇင်း'မှ ပုဂ္ဂိုလ်များအား ကျွန်တော် များစွာ ကျေးဇူးတင်ပါသည်။

မောင်ထွန်းသူ

၁ ဒီဇင်ဘာ ၁၉၉၇

mgyoe.com

mgyoe.com

# အခန်း [၁]

အမေရိကန်နိုင်ငံ အနောက်အလယ်ပိုင်းဒေသရှိ ပြည်နယ်တစ်နယ်မှ မြို့တစ်မြို့တွင် ဖြစ်သည်။ မြို့ပေါ်တွင် ခေတ်မီတက္ကသိုလ်တစ်ခုရှိနေပြီ ဖြစ်သော်လည်း မြို့တော်ခန်းမကတော့ ခေတ်မမီတော့သည့် အဆောက်အအုံတစ်ခု ဖြစ်နေသည်။ မြို့တော်ခန်းမ၏စင်္ကြံလမ်းသည် ရှည်လျားသော်လည်း အလင်းရောင် ကောင်းကောင်းမရ။ နံရံတွင် ကပ်ချထားသော ခုံတန်းလျားများပေါ်တွင် အမှောင်ရိပ်သည် ကျဆင်းလျက်ရှိ၏။ ခုံတန်းလျားတစ်လုံးစီ၏ ဘေးနားတွင် ကြေးထွေးခံတစ်လုံးချင်း စီချထားသည်။ ဆေးရွက်ကြီး ငုံသူ၊ ဝါးသူ အနည်းငယ်မျှသာ ရှိတော့သည့်ခေတ်ရောက်နေပြီဖြစ်သော်လည်း ကြေးထွေးခံများ ချပေးထားသည့် စနစ်ကတော့ မပျောက်သေး။

ခုံတန်းလျားတစ်လုံးပေါ်တွင် ကားလ် အမည်ရှိ လူငယ် ယောကျ်ားလေးတစ်ယောက်နှင့် အင်နီ အမည်ရှိ မိန်းကလေးတစ်ယောက် ထိုင်နေကြသည်။ အင်နီ့ဘေးတွင် အသစ်စက်စက် အနီရောင် လက်ဆွဲသေတ္တာတစ်လုံး ချထားသည်။ အင်နီသည် သေတ္တာကလေးပေါ်တွင် အလွန်မြတ်နိုးတွယ်တာဟန်ရှိ၏။ မကြာခဏ သူ့လက်နှင့် ကိုင်ကြည့်လေ့ရှိသည်။ ကားလ်ကတော့ စီးကရက်တစ်လိပ် ဖွာလျက်ရှိလေသည်။

ကားလ်ဘရောင်းသည် သူ့ဘဝကို 'ကာလ်တန် ဘရာယမ်' အမည်ဖြင့် စခဲ့ရခြင်းဖြစ်၏။ 'ကာလ်တန်' ဟူသော အမည်မှာ သူ့အဖေ၏ အလုပ်

mgyoe.com

ရှင် နာမည်မှလာခြင်း ဖြစ်သည်။ သူ့အဖေ မစ္စတာ ဘရာယမ်သည် အသက် ဆယ့်နှစ်နှစ်သားကတည်းက မစ္စတာ ကာလ်တန်ထံ၌ အလုပ် လုပ်လာခဲ့သူ ဖြစ်သည်။ အလုပ်က ကြမ်းတမ်းသည်။ လုပ်ရသည့် အချိန်နာရီက ရှည်လျား သည်။ ပေးထားသည့် လုပ်ခက အဆမတန် နည်းသည်။

မစ္စတာ ဘရာယမ်က လုပ်ခတိုးပေးဖို့ တောင်းသည့်အခါတိုင်း မစ္စတာ ကာလ်တန်သည် မစ္စတာ ဘရာယမ်၏ ပခုံးကို တရင်းတနှီးဖက်ကာ "မပူပါနဲ့ သားရယ်" ဟူသော စကားကို ပြောတတ်သည်။ "ဒါတွေအတွက် ငါ့တာဝန် ထားစမ်းပါ" ဟူသော သဘောမျိုးကိုလည်း ဆိုတတ်၏။ သူ သေသွားသည့် အခါ သူ့အာမခံသေတ္တာထဲရှိ စာချုပ်များပေါ်၌ ဝီလျံ ဘရာ ယမ်အား တစ်ခုခု ပေးဖို့တော့ ရေးသွားလိမ့်မည်ဟု ယူဆရ၏။

မစ္စတာဘရာယမ်က မွေးသည့် သားငယ် ခြောက်နှစ်သားအရွယ်တွင် အလုပ်ရှင် မစ္စတာကာလ်တန်ကွယ်လွန်သည်။ တာဝန်ရှိသူများက ကာလ်တန် ၏ အာမခံသေတ္တာကို ဖွင့်ကြည့်သည့်အခါ ဝီလျံဘရာယမ်အတွက် ဘာမှ မှာထားခဲ့သည်ကို မတွေ့ကြရ။ မစ္စတာဘရာယမ်သည် မျှော်လင့်ထားသလို ဖြစ်မလာသဖြင့်စိတ်ထိခိုက်ခဲ့ရသည်။ သူ့သားငယ်အားပေးထားသည့် 'ကာလ် တန်' နာမည်အစား 'ကားလ်' ဟူသော နာမည်ကို အစားထိုးလိုက်သည်။

ထို့နောက် ပထမကမ္ဘာစစ်ကြီး ဖြစ်လာသည်။ လမ်းပေါ်၌ လူအများ စုဝေးကာ 'ကိုင်ဇာဘုရင် ကျဆုံးပါစေ' ဟု အော်ဟစ်နေကြသည်။ ထိုအခါ ဂျာမနီနိုင်ငံ၌ မွေးဖွားကြီးပြင်းလာခဲ့ရသော မစ္စတာဘရာယမ်သည် သူ့နာမည် ကို 'ဘရောင်း'ဟု ပြောင်းလိုက်လေရာ သူ့သားငယ်သည် 'ကားလ်ဘရောင်း' ဟူသော အမည်ကို ရရှိလာခဲ့ရလေ၏။

အင်နီကတော့ ထိုကဲ့သို့ မဟုတ်ပေ။ ဂျာမနီနိုင်ငံသူဖြစ်သော အဘွား ဘက်မှ မျိုးရိုးနာမည်ကို ဆက်ခံခဲ့ရခြင်းဖြစ်၏။ သူ့အဘွား၏ နောက်ဆုံး အမည်မှာ 'မက်ဂေရီ' ဖြစ်သဖြင့် သူ့နာမည်သည် အင်နီ မက်ဂေရီ ဖြစ်လာ ရခြင်းဖြစ်၏။ အမှန်တော့ သူ့အဖေဘက် ဂျာမန်သွေးနွယ်သော်လည်း သူ့အဖေ သည် အိုင်ယာလန်နိုင်ငံ ဒဗ္ဗလင်မြို့၌ မွေးဖွားခဲ့သူ ဖြစ်လေသည်။

ကားလ်သည် လူချောလေးတစ်ယောက် ဖြစ်သည်။ အရပ်မြင့်မြင့်၊ ဆံပင်ရွှေရောင်၊ ယောကျ်ားပီသသည့် မျက်နှာပိုင်ရှင် ဖြစ်၏။ တည်ငြိမ်လွန်း သော မျက်နှာထားကြောင့် သူ့အား အများက အသက် နှစ်ဆယ်ကျော်ပြီဟု

mgyoe.com

mgyoe.com

ထင်ကြသည်။ အမှန်တော့ သူ့အသက်သည် နှစ်ဆယ်နီးပါးမျှသာ ရှိပေသေးသည်။ သူ့ကိုယ်တွင် ဆင်ထားသည့် အဝတ်များသည် အပေါ်စား ချုပ်ထည်များ ဖြစ်သော်လည်း သပ်ရပ်ခံ့ညားအောင် ဝတ်ဆင်ထားသည်။ အားလုံးကို ခြုံကြည့်လိုက်သည့်အခါ ကားလ်သည် ဆွဲဆောင်မှုအပြည့်ရှိနေသော လူငယ်တစ်ယောက်ဖြစ်၏။

အင်နီမှာ အသက် ဆယ့်ရှစ်နှစ်ရှိပြီဖြစ်သော်လည်း သူ့ညီမထံမှ ငှားဝတ်လာသည့် အဝတ်များကြောင့်လား မသိ၊ အသက် ဆယ့်လေးနှစ်အရွယ် ကလေးမလေးတစ်ယောက်နှင့် တူနေသည်။ သူသည် အရပ်ပုပု၊ ကိုယ်လုံးကိုယ်ထည် သေးသွယ်သွယ်၊ ချောမွတ်လှပသော အသားအရေနှင့် နုနယ်သောမိန်းကလေးဖြစ်သည်။ ပြာလဲ့လဲ့မျက်လုံးအစုံသည် ဆွေးရိပ်၊ လွမ်းရိပ်များ သန်းလျက်ရှိ၏။ ရုတ်တရက်ဆိုလျှင် သူလို ငါလို ရွက်ကြမ်းရေကျို ရုပ်ရည်မျိုး ဖြစ်သဖြင့် ဘယ်သူကမှ ဂရုပြုမိကြလိမ့်မည် မဟုတ်ပေ။ သို့သော်လည်း သူ စကားပြောလိုက်သည့်အခါတွင်မူကား လူတိုင်းလိုလိုပင် သူ့အပေါ် အာရုံစူးစိုက်သွားတတ်ကြလေသည်။

လူငယ်နှစ်ယောက်သည် ပူးပူးကပ်ကပ် ထိုင်နေကြခြင်း ဖြစ်၏။ ပြီးတော့ တစ်ယောက်လက်ကို တစ်ယောက် ဆုပ်ကိုင်ထားကြသည်။ သူတို့သည် လက်ကပ်ရန်စောင့်နေကြခြင်းပေတည်း။ ကားလ်သည် သောက်လက်စ စီးကရက်တိုသွားတိုင်း ထွေးခံထဲသို့ပစ်ထည့်သည်။ မကြာခဏ ရှုံ့ခနဲမြည်သံကို ကြားရတတ်သည်။ ထိုအခါတွင် အင်နီက ကားလ်၏လက်ကို ဆတ်ခနဲ ညှစ်ကာ "ဘာလဲ စိတ်တွေ သိပ်လှုပ်ရှားနေသလား" ဟု တီးတိုးလေသံဖြင့် မေးလေ့ရှိသည်။

"ဟင့်အင်း...၊ ဘာမှ မဖြစ်ပါဘူး။ အင်နီကော ဘယ်လိုနေသလဲ" ဟု ကားလ်က ပြန်မေးသည်။ ထိုအခါ အင်နီက "သိပ်တော့ မဖြစ်ပါဘူး၊ နည်းနည်းပါးပါးတော့ ဖြစ်တယ်" ဟု ဖြေသည်။

ထိုအခိုက်တွင် သူတို့ဆီသို့ စာရေးမတစ်ယောက် လျှောက်လာနေသည်ကို မြင်သဖြင့် ကားလ်က ထရပ်လိုက်သည်။ "ကျွန်တော်တို့ အချိန်အကြာကြီး စောင့်နေရမှာလား" ဟု သူ့ လက်ပတ်နာရီကို ငုံ့ကြည့်ပြီး ပြောသည်။ "ကျွန်တော်တို့ ဘောလုံးပွဲ မမီမှာ စိုးလို့ပါ"

"တရားသူကြီး ကယ်လာမတ်စ်က စနေနေ့ဆိုရင် လာလေ့ မရှိဘူး"

mgyoe.com

mgyoe.com

ဟု စာရေးမက ပြန်ပြောသည်။ "ဒါပေမဲ့ မင်းတို့ကိစ္စကိုတော့ ခြွင်းချက်အဖြစ်ထားပါတယ်။ နောက်မိနစ်အနည်းငယ်လောက်ဆိုရင် ရောက်လာမှာပါ။ မင်းတို့က ဘယ်ကလဲ"

"ဘရွဲတ်ကလင်းမြို့ကပါ" ဟု ကားလ်က ပြောသည်။ "ဒါပေမဲ့ ကျွန်တော်က ဒီကို ရောက်နေတာ တစ်နှစ်နီးပါး ရှိသွားပြီ"

"သူက ကောလိပ်ကျောင်း တက်နေတာ" ဟု အင်နီက ဂုဏ်ယူသော လေသံဖြင့် ဝင်ပြောသည်။

"ဥပဒေ သင်တန်းပါ" ဟု ကားလ်က ပြောသည်။

"ကောင်းတာပေါ့" ဟု စာရေးမက အလိုက်သင့် ပြန်ပြောပြီး အင်နီ့ဘက် လှည့်မေးသည်။

"မင်းကကော ဒီကို ရောက်တာ..."

"နှစ်နာရီပဲ ရှိသေးတယ်" ဟု အင်နီက ပြန်ပြောသည်။

"သူက ဒီနေ့မှ နယူးယောက်ကနေပြီး မီးရထားနဲ့ ရောက်လာတာပါ" ဟု ကားလ်က ရှင်းပြသည်။

"ဒါဆိုရင်တော့ တို့များရဲ့ အနောက်အလယ်ပိုင်းဒေသဟာ မင်းမျက်စိထဲမှာ စိမ်းနေဦးမှာပေါ့"

"အို...မဖြစ်ပါဘူး၊ ကျွန်မက 'ဝိုင်စ်ဘတ်ဂ် အိုဟိုင်းယိုးနဲ့ မိန်းစထရီ' စာအုပ်တွေ ဖတ်ခဲ့ဖူးတယ်။ ဒါကြောင့်မို့ ကျွန်မ မျက်စိထဲမှာ အနောက်အလယ်ပိုင်း မြင်ကွင်းဟာ ဘရွဲတ်ကလင်းနဲ့ ဘာမှကွာခြားမှုမရှိပါဘူး"

စာရေးမသည် အင်နီအား လူထူးဆန်း တစ်ယောက်ကို ကြည့်သည့်နှယ် ငေးကြည့်နေသည်။ "ဩော်... ဟုတ်လား..." ဟု နှုတ်မှ ရေရွတ်လိုသော်လည်း သူ့အသံသည် တစ်စုံတစ်ခုကို ဝေခွဲမရ၍ စိတ်ရှုပ်နေသည့်လေသံဖြစ်၏။ ရုံးခန်းဘက်သို့ ပြန်သည့်အခါ နောက်သို့ တစ်ချက်လှည့်ကြည့်ပြီး "တရားသူကြီးက ရောက်တော့လာမှာပါ၊ သူ့မှာလည်း မချော်လင့်တဲ့ ပြဿနာလေးတွေ ရှိနေလို့ ရုတ်တရက် ပေါ်မလာတာ ဖြစ်ပါလိမ့်မယ်" ဟု ပြောသည်။

"ကျွန်တော် နားလည်ပါတယ်" ဟု ကားလ်က ပြန်ပြောသည်။

အင်နီသည် စဉ်းစားရခက်နေသည့် ပုံမျိုး ဖြစ်နေသည်။ "ဒီမယ် ကားလ်...၊ အင်နီ စကားပြောတာ အမှားတစ်ခုခုပါနေသလား" ဟု စိုးရိမ်မကင်းသည့် လေသံဖြင့် မေးသည်။

mgyoe.com

mgyoe.com

"မပါ ပါဘူး အချစ်ရယ်" ဟု ကားလ်က ဖြေသည်။ သူ့အနေဖြင့် အမှန်အတိုင်း မပြောချင်။ တကယ်တော့ စာရေးမသည် အင်နီ၏ စကား ပြောပုံ လေယူလေသိမ်းကို အံ့ဩကာ ငေးမောသွားခြင်း ဖြစ်၏။ အင်နီသည် ယခုအချိန်အထိ အင်္ဂလိပ်စကားပြောတိုင်း အိုင်းရစ်သံပေါက်ကာ ဝဲနေသည် မဟုတ်ပါလား။

အင်နီသည် ကားလ်၏အမူအရာကိုကြည့်ကာ အခြေအနေကို ရိပ်မိ သည်။ "သူကကော ဘယ်လောက်များ ပီလို့လဲ။ သူ စကားပြောနေတဲ့ အသံ ကလည်း ရယ်စရာ ကောင်းတာပဲ" ဟု မလိုတမာသံဖြင့် ရေရွတ်သည်။

"သူတို့နဲ့ စကားပြောဖန်များလာရင် နားထောင်ရတာ ကျင့်သားရ သွားမှာပါ အချစ်ရယ်။ ကြာလာရင် မင်းလည်း သူတို့လို ပီပီသသပြောနိုင် လာမှာပါ" ဟု ကားလ်က ပြောသည်။

အင်နီကတော့ မကျေနပ်။ "တစ်ခါတလေ စကားပြောရင် အသံထွက် မမှန်တာ အင်နီ သိတယ်။ ဒါပေမဲ့ အင်နီက ပေါ့ပေါ့တန်တန် မနေဘူး။ အမြဲ သတိထားပြီး လေ့ကျင့်နေတာပါ။ အင်နီက ဘာကိုပဲ သင်သင် မြန်မြန် သိလွယ် တတ်လွယ်တယ် သိလား"

အင်နီသည် နှုတ်ခမ်းကို စူထားသည်။ 'ဘာလဲ၊ ကားလ်က အင်နီ့ အတွက် ရှက်နေသလား' ဟု မေးရန် ဟန်ပြင်လိုက်သည်။ သို့သော်လည်း ချက်ချင်းပင် သူ့စိတ်သူ ထိန်းကာ စကားလမ်းကြောင်းကို ပြောင်းလိုက်သည်။ "ကားလ်က အင်နီအတွက် စိတ်ပူနေသလား"

"စိတ်ပူရမယ် ဟုတ်လား၊ ဘာပြုလို့ စိတ်ပူရမှာလဲ အင်နီရယ်၊ မင်းက တော်ပြီးသားပဲ ဟာ"

"မလှောင်ပါနဲ့၊ ရပါတယ် ကားလ်ရယ်၊ အင်နီက ရှစ်တန်းအထိပဲ ကျောင်းနေခဲ့ရတာဆိုတော့ အထင်သေးမှာပေါ့။ ဒါပေမဲ့ စောင့်ကြည့်ပါ၊ အင်နီ လေ့လာပြမယ်"

"သိပ်ပြီးတော့လည်း မလေ့လာလိုက်ပါနဲ့ကွယ်၊ ကိုယ်က ကိုယ့်မိန်းမ ကို လိုက်မမီတဲ့လူ ဖြစ်သွားမှာ စိုးလို့ပါ။ ပြီးတော့ ကိုယ်က မင်းကို အခုပုံစံ အတိုင်းပဲ မြင်ချင်ကြည့်ချင် ချစ်ချင်တယ်" ပြောပြောဆိုဆို ကားလ်က အင်နီ၏ ပါးတစ်ဖက်ကို ခပ်ဖွဖွလေး နမ်းသည်။

"စောင့်ရတာ သိပ်ကြာတာပဲ၊ အင်နီ စိတ်မရှည်ချင်တော့ဘူးကွာ၊ အခု

mgyoe.com

mgyoe.com

ဘယ်နှနာရီ ထိုးပြီလဲ…ဟင်”

“ဆယ့်တစ်နာရီ ထိုးပြီးလို့ ဆယ်မိနစ်တောင် ရှိသွားပြီ။ ခွကျတာပဲ ကွာ။ ဘောလုံးပွဲက တစ်နာရီခွဲ စ ကန်မှာ၊ ကိုယ်တို့ နေ့လယ်စာ စားဖို့က ရှိသေးတယ်”

“အင်နီလည်း ဘောလုံးပွဲတော့ မီချင်တယ်” ဟု အင်နီက ပြောသည်။ “အင်နီလေ ဘောလုံးပွဲကို တစ်ခါမှ မကြည့်ဖူးဘူး။ အခုပွဲဟာ အင်နီ ပထမဆုံး ကြည့်ရမယ့်ပွဲပဲ”

အင်နီသည် သူ မီးရထားပေါ်မှ ဆင်းလျှင်ဆင်းချင်း သူ့ ကုတ်အင်္ကျီ ရင်ဘတ်၌ ကားလ် ထိုးပေးထားခဲ့သည့် အဝါရောင် ဂန္ဓမာပန်းပွင့်ကို လက်နှင့် အသာအယာပွတ်နေသည်။ ကားလ်က ပေးထားသည့် အပြာရောင်အလံကလေးကို မြှောက်၍ သုံးလေးချက်မျှ ဝှေ့ယမ်းလိုက်သည်။ ပါးစပ်မှလည်း တီးတိုးလေသံဖြင့် “ရား… ရား… ရား…”ဟု ရေရွတ်လိုက်သည်။

ထိုအခိုက်တွင် စောစောက စာရေးမ ရောက်လာပြီး တရားသူကြီး ရောက်နေပြီဟု သတင်းပေးသည်။ သူတို့သည် ဝမ်းသာအားရ ထလိုက်သွားကြသည်။

သေးငယ်ကျဉ်းမြောင်းသော ရုံးခန်းလေးထဲတွင် တရားသူကြီး တစ်ယောက်တည်းနှင့် ပြည့်နေသည်ဟု ထင်ရသည်။ အင်နီသည် သူ ရုပ်ရှင်ဇာတ်ကားများထဲ၌ မြင်ခဲ့ရဖူးသလို ဝတ်ရုံရှည်ကြီး ဝတ်ထားသည့် လူကြီး တစ်ယောက် ထိုင်နေသည်ကို တွေ့ရလိမ့်မည်ဟု မျှော်လင့်ခဲ့မိ၏။ အခုတော့ သူ ထင်သလို မဟုတ်။ သူ မြင်နေရသော တရားသူကြီးသည် ဘောင်းဘီရှည်ပွပွကြီးကို ဝတ်ထားသည်။ ကုတ်အင်္ကျီ ကြယ်သီးများကိုပင် တပ်မထား။

တရားသူကြီးသည် စာရေးမအား တစ်နေရာသို့ လွှတ်၍ မစ္စဗွီ ဆိုသူအား အခေါ်ခိုင်းသည်။ လက်ထပ်စာချုပ်တွင် လက်မှတ်ထိုးဖို့ သက်သေ တစ်ဦး လိုနေသေးသည် မဟုတ်ပါလား။ ရုံးခန်းထဲမှ စာရေးမ ထွက်သွားသည့်အခါ တရားသူကြီးသည် ကားလ်ထံမှ လက်ထပ်စာချုပ်ကို တောင်းယူပြီး ကောင်တာနောက်သို့ လျှောက်သွားသည်။

တရားသူကြီးသည် မျက်မှန်ကိုတပ်ကာ စာချုပ်ကိုဖတ်သည်။ တစ်လုံးချင်းစီ စေ့စေ့စပ်စပ်ဖတ်နေခြင်းဖြစ်သည်။ ဖတ်နေရင်းမှာလည်း တစ်ချီ တစ်ချီတွင် ခေါင်းကိုမော့၍ ကားလ်ကိုကြည့်လိုက် အင်နီကို ကြည့်လိုက် လုပ်သည်။

mgyoe.com

mgyoe.com

ဤနှစ်ယောက်တွင် ဘယ်သူတရားခံလဲဟု စူးစမ်းနေသည့်နှယ် ရှိသည်။

အင်နီ၏စိတ်သည်ပျံ့လွင့်နေသည်။ "အခုဖြစ်နေတာတွေဟာ တကယ်မှ ဟုတ်ရဲ့လား"ဟု တွေးသည်။ "ဘယ်မှာလဲ၊ သတို့သမီးဝတ်တဲ့ အဖြူရောင်ဝတ်စုံ...။ ဘုရားရှိခိုးကျောင်းလည်း မရှိပါလား...။ စန္ဒရားတီးသံလည်း မကြားရဘူး...။ မေမေကော ဘယ်ရောက်နေလဲ...။ ဝမ်းသာလွန်းလို့ မျက်ရည်စက်လက်ဖြစ်နေတဲ့ မေမေ့ကိုလည်း မတွေ့ရဘူး"

ဘုရားသခင်ကတော့ သိကောင်းပါရဲ့ဟု တွေးသည်။ ငါ့အနေနဲ့ ဘုရားရှိခိုးကျောင်းမှာ လက်ထပ်ချင်လွန်းလို့ အစွမ်းကုန် ကြိုးစားခဲ့ပါတယ်။ ငါ့အနားမှာ မေမေရော...၊ ငါ့ မောင်လေးတွေရော... ရှိနေအောင် လုပ်ခဲ့တာပဲ။ ပြီးတော့ အာလင်းကို သတို့သမီးရဲ့အပျိုရံအဖြစ်နဲ့ ပွဲထုတ်ဖို့ စိတ်ကူးခဲ့တာပါ။ ငါ မေမေ့ကို ပြောခဲ့သားပဲ။ ဒါပေမဲ့...။

"မေမေ၊ သမီး ဆယ့်ရှစ်နှစ် ပြည့်တော့မယ်။ ကားလ်နဲ့ သမီး လက်ထပ်ချင်တယ်"

"ပေါက်ကရတွေ မပြောနဲ့၊ နင်ဟာ ကလေးပဲ ရှိသေးတယ်"

"သမီး ဆယ့်လေးနှစ်ပြည့်ကတည်းက ကလေးမဟုတ်တော့ဘူး။ အဲဒီအသက်ကတည်းက သမီး အလုပ် လုပ်ခဲ့တာ။ သမီး လက်ထပ်ရင် ဘုရားရှိခိုးကျောင်းမှာပဲ လက်ထပ်ချင်တယ်။ အမေလည်း အနားမှာ ရှိစေချင်တယ်"

"နင် အဲဒီ စိတ်ကူးကို နင့်ခေါင်းထဲက ထုတ်ပစ်ရမယ်။ နင် ဘုရားရှိခိုးကျောင်းမှာလည်း လက်မထပ်ရဘူး။ တခြား ဘယ်နေရာမှာမှ လက်မထပ်ရဘူး"

"မေမေရယ်...၊ သမီးကို တရားရုံးမှာ တစ်ယောက်တည်း လက်ထပ်ရအောင်တော့ မလုပ်ပါနဲ့"

"တွေ့ကရာတွေ လာပြောမနေနဲ့။ နင် အဲဒီကောင်လေးနဲ့တွေ့တာ တစ်နှစ်တောင် မရှိသေးဘူး"

"သူ မနှစ်က တစ်နွေလုံး ဒီမှာ ရှိနေခဲ့တာပါ မေမေရယ်"

"ဪ...ဟုတ်လား။ နင်က အမေကို အသိမပေးဘဲ ဒီကောင်လေးနဲ့ ချိန်း ချိန်းပြီး ထွက်နေတယ်ပေါ့လေ၊ ဟုတ်လား"

"သမီး မေမေ့ကို မပြောတာက မေမေ ဒန်း ကို ပြောလိုက်မှာ ကြောက်လို့ပါ မေမေရယ်"

mgyoe.com

mgyoe.com

ဒန်းမှာ သူ့ပထွေး ဖြစ်လေသည်။

"ဒီမယ် အင်နီ၊ ငါ ပြောတာ နားထောင်စမ်း။ နင်က ကားလ်ကို လက်ထပ်ချင်နေတယ်လို့ ထင်နေတယ်။ ဒါပေမဲ့ နင်ဟာ နင့်စိတ်ကိုတောင် မသိလောက်အောင် ငယ်သေးတယ်ဟဲ့ သိရဲ့လား။ ကားလ်ဟာ နင့်အတွက် မဟုတ်ဘူး။ နောက်တစ်နေ့ကျရင် နင်နဲ့သင့်လျော်တဲ့လူဟာ နင့်ဆီကို ရောက်လာမှာ။ နင် စောင့်ရတဲ့အတွက် ဝမ်းတောင် သာရဦးမယ်။ သိလား"

"သမီး မစောင့်နိုင်ဘူး မေမေ။ သမီး သူနဲ့ လက်ထပ်ချင်တယ်။ လက်မထပ်လို့လည်း မဖြစ်တော့ဘူး"

"ဘာ၊ လက်မထပ်လို့ မဖြစ်တော့ဘူး၊ ဟုတ်လား"

"မဟုတ်ဘူး မေမေ။ မေမေ ထင်သလို မဟုတ်ဘူး။ မေမေ အဲသလို မလုပ်ပါနဲ့၊ သမီး လက်နာလှပြီ"

"ဟဲ့ ကောင်မ၊ ကလေကချေမ"

"အဲဒီ စကားမျိုးတွေ မပြောပါနဲ့ မေမေ"

"ပြောတော့ ဘာဖြစ်လဲ၊ နင့်ကို ငါ မွေးလာရတာ ဘယ်လောက်များ ခက်တယ်ထင်လဲ ဟင်။ နင့်အတွက် ငါ့မှာ အသက်တောင် သေလုမတတ်ပဲ ဟဲ့"

"မငိုပါနဲ့ မေမေရယ်၊ မငိုပါနဲ့"

"နင် အခုလို ငါ့ကို ပြန်ပြောနေတာကို နင့်အဖေ ကြားစေချင်တယ် ဟယ်"

"အဖေက သေသွားပြီပဲ မေမေရယ်"

"ဒန်းဟာ နင့်အဖေအရင်းထက်တောင် ကောင်းတယ်ဟဲ့။ ငါ ဒန်းကို ဘာ့ကြောင့် လက်ထပ်ခဲ့တယ်လို့ ထင်သလဲဟင်။ သူဟာ ငါ့ထက် အသက် နှစ်ဆယ်တောင် ကြီးတဲ့လူ၊ အဲဒါကို ဘာပြုလို့ လက်ထပ်ခဲ့တယ် ထင်သလဲ။ ငါ့သားသမီးတွေအတွက် အဖေ ရှာပေးတာဟဲ့၊ ငါ သူ့ကို ချစ်လို့မဟုတ်ဘူး။ ငါ သူ့ကို လေးစားတာပဲရှိတယ်၊ မချစ်ဘူး။ နင် အဲဒါကို သိရဲ့လား"

"မဟုတ်သေးဘူး မေမေ၊ သမီး ပြောချင်တာက ဒန်းဟာ"

"ငါ သိပါတယ်ဟယ်၊ နင် ဒန်းကို သဘောမကျဘူး။ ဘာပြုလို့ သူ့ကို သဘောမကျရတာလဲ။ ပြောစမ်း"

"သူ သမီးကို ကြည့်ပုံလည်း သမီး မကြိုက်ဘူး မေမေ။ ပြီးတော့

mgyoe.com

mgyoe.com

အိပ်ရာထဲ ရောက်နေတဲ့ သမီးကို နမ်းပြီး နှုတ်ဆက်ပုံကိုလည်း မကြိုက်ဘူး"

"ဟဲ့ သူ နမ်းပြီး နှုတ်ဆက်တာ နင် တစ်ယောက်တည်း မဟုတ်ဘူး ဟဲ့။ အားလုံးကို ဒီအတိုင်းပဲ နှုတ်ဆက်နေတာ"

"ဒါပေမဲ့ မေမေရယ်၊ သမီးက ကလေးမှ မဟုတ်တော့တာ၊ သမီးက အရွယ်ရောက်နေပြီ"

"ဟဲ့ သူ့မျက်လုံးတွေထဲမှာတော့ နင်ဟာ ကလေးပဲ။ နင်က နင့်မောင်လေးတွေကို ချစ်သလိုပဲ၊ သူက နင့်ကိုချစ်တာ၊ သူဟာ လူကောင်းတစ်ယောက်ပါပဲ။ နင်က ဘာပြုလို့ငိုရတာလဲ။ အင်နီ မငိုနဲ့လေ၊ မငိုပါနဲ့ဟယ်"

အင်နီ့ ခေါင်းထဲသို့ ဖျတ်ခနဲ အသိပြန်ဝင်လာသည်။ "မင်း အသက်ဘယ်လောက်ရှိသွားပြီလဲ မိန်းကလေး၊ မင့်မှာ မွေးစာရင်းလက်မှတ်ပါရဲ့ လား" ဟူသော တရားသူကြီး၏အသံကို ကြားလိုက်ရသည်။

"မပါလာဘူးရှင့်၊ ဒါပေမဲ့ ဟို... ဟို"

တရားသူကြီးသည် သူ့ရှေ့၌ချထားသည့် လက်ထပ်စာချုပ်ကို ကားလ်ဘက်သို့ တွန်းပို့လိုက်သည်။ "ကဲ မိန်းကလေး၊ အသက်ပြည့်မှ ပြန်လာခဲ့ပေါ့ကွာ" ဟုလည်း ပြောသည်။

"မဟုတ်ဘူး ခင်ဗျာ၊ စာချုပ်ထဲမှာ မိန်းကလေးရဲ့ အသက်အမှန်ကို အတိအကျ ဖော်ပြထားပါတယ်"

"ဟား... ဒီလိုင်စင်စာချုပ်ထုတ်ပေးတဲ့ စာရေးကိုသာ မင်း အရူးလုပ်လို့ရမယ် ငါ့လူ၊ ငါ့ကိုတော့ မရဘူး။ မလုပ်ပါနဲ့ ဆရာလေးရယ်၊ ဒါမျိုး လာမလုပ်ပါနဲ့။ မိန်းကလေးက ဆယ့်လေးနှစ်ထက် တစ်ရက်တောင် စွန်းဦးမယ် မထင်ပါဘူး ခင်ဗျာ ဟဲ ဟဲ ဟဲ"

အင်နီသည် သူ့ လက်ပွေ့အိတ်ကို ဖွင့်ကာ အထဲမှ နှစ်ခြင်းမင်္ဂလာပြုလက်မှတ်ကိုထုတ်လိုက်ပြီး ကားလ်အားလှမ်းပေးသည်။ ကားလ်က လက်မှတ်ကို လက်ထပ်စာချုပ်ပေါ်ထပ်တင်လိုက်ပြီး တရားသူကြီးဘက်သို့ အသာတွန်းပို့သည်။

စာရေးသည် မစ္စဗွီနှင့်အတူ ပြန်ရောက်လာသည်။ မစ္စဗွီသည် အသက်လေးဆယ်ကျော် ငါးဆယ်တွင်း အရွယ်ဖြစ်သည်။ သွက်လက် ရွှင်ပျသည့် အမူအရာ ရှိသည်။ သူမသည် စာရေး၏ ပခုံးပေါ်မှကျော်၍ 'မင်္ဂလာစုံတွဲ'ကို ချောင်းကြည့်သည်။ အင်နီ၏မျက်လုံးအစုံနှင့် အကြည့်ချင်းဆုံမိသည့်အခါ

mgyoe.com

mgyoe.com

ပြုံးရယ်ပြီး မျက်စိတစ်ဖက် မှိတ်ပြသည်။ အင်နီက ပြန်၍ ပြုံးပြလိုက်သော်လည်း မျက်စိကိုတော့ မှိတ်မပြ။ မစ္စဖွီ လုပ်လိုက်သည်မှာ မျက်စိမှိတ်ပြတာလား သို့မဟုတ် အကြောဆွဲတာလား ဆိုသည်ကို သူ ခွဲခြား၍ မသိ။

တရားသူကြီးသည် ကောင်တာနောက်မှ ထွက်လာပြီး အားလုံးကို မတ်တတ်ရပ်ကြရန် ညွှန်ကြားသည်။ ထို့နောက်တော့ သူသည် သူ့ လူများအား စေ့စေ့စပ်စပ် ထပ်ကြည့်သည်။ မျက်နှာကို တစ်ချက် ရှုံ့လိုက်သည်။ တစ်ခုခုတော့ မှားနေသည်။ ဘာပါလိမ့်၊ ဩော်…သိပြီ။ သတို့သမီး ကောင်မလေးသည် အလံတစ်ခုကို ကိုင်ထားသည်။ "မိန်းကလေး လက်ထဲက ပစ္စည်းကို ကျုပ် ယူထားမယ်" ဟု ပြောကာ အလံကိုဆွဲယူပြီး ကောင်တာပေါ် တင်ထားလိုက်သည်။ သူ့ ကုတ်အင်္ကျီအိတ်ကပ်များကို လက်ဝါးများနှင့် ပုတ်သည်။ သူ ယူလာသည့် စာအုပ် ဘယ်ရောက်နေပါလိမ့်။

စာရေးသည် ကောင်တာ တစ်နေရာမှ စာအုပ်ကို လှမ်းယူပြီး လက်ထဲ ထည့်ပေးသည်။ တရားသူကြီးသည် စာမျက်နှာများကို တစ်ရွက်ချင်း လှန်၍ ကြည့်နေသည်။ အင်နီ၏စိတ်ထဲတွင်ကြာလွန်းလှသည်ဟု ထင်မြင်ကာ စိတ်မရှည်သလို ဖြစ်နေသည်။

"အားလုံး အဆင်သင့် ဖြစ်ကြပြီနော်" ဟု တရားသူကြီးက ရေရွတ်သည်။ "ကဲ မစ္စတာ ဘရောင်း၊ သတို့သမီးရဲ့ ညာလက်ကို ဆွဲပါ"

သူတို့သည် လက်ချင်း ဆုပ်ကိုင်မိကြသည်။ သို့သော်လည်း ကားလ်ကိုင်ထားသည့် လက်မှာ အင်နီ၏ ဘယ်ဘက်လက်။ "မဟုတ်သေးဘူးလေကွာ၊ သူ့ ညာဘက်လက်ကို ကိုင်ရမှာ ချာတိတ်ရဲ့"

မစ္စဖွီက အင်နီဘက် လှည့်၍ မျက်စိ မှိတ်ပြသည်။ အင်နီကလည်း မျက်စိ ပြန်မှိတ်ပြသည်။ ဒီတစ်ခါတော့ မစ္စဖွီတွင် အကြောဆွဲသည့် ရောဂါမရှိဟု သူ ဆုံးဖြတ်လို့ရသွားပြီမဟုတ်ပါလား။ မင်္ဂလာလက်ထပ်ပွဲသည် စပြီ။

"အင်နီ မက်ဂေရီ၊ မင်းဟာ မစ္စတာ ဘရောင်းကို… …"

အခုဟာ ငါ့နာမည် အင်နီ မက်ဂေရီကို နောက်ဆုံးအကြိမ် ခေါ်ခြင်းပါကလားဟူသော အတွေးသည် အင်နီ့ ခေါင်းထဲသို့ ဝင်လာသည်။ သူသည် တရားသူကြီး၏အမေးကို မဖြေမိ။ ကားလ်က သူ့လက်ကို ဆွဲညှစ်လိုက်သည်။ "ဟုတ်ပါတယ်၊ ဟုတ်ကဲ့ပါ၊ အမှန်ပါပဲ" ဟု အင်နီက အော်ကြီးဟစ်ကျယ် ဖြေသည်။

mgyoe.com

mgyoe.com

ကားလ်က အင်နီဘက် လှည့်၍ ပြုံးဖြီးဖြီး ဖြစ်နေသော်လည်း တရားသူကြီးကတော့ မျက်မှောင်ကုတ်၍ ကြည့်နေသည်။ မင်္ဂလာလက်စွပ်သည် အင်နီ၏လက်တွင်ဝတ်ဆင်ပြီးသားဖြစ်သွားပြီ။ သူသည် ကားလ်နှင့် လက်ထပ်ပြီးသားဖြစ်သွားပြီ။ ကားလ်နှင့် သေတပန်သက်တဆုံး ပေါင်းသင်းသွားရပေတော့မည်။ သူတို့အား သေခြင်းကသာ ကွဲကွာအောင် ခွဲနိုင်လိမ့်မည်။

အင်နီသည် ကလေးဘဝတုန်းက လုပ်သလို လက်နှစ်ဖက်ကို ယှက်၍ တစ်ပတ်မျှ ဝိုင်းကြီးပတ်ပတ်လှည့်သလို လှည့်လိုက်မိ၏။ စာရေးနှင့် မစ္စဗွိတို့က သူတို့လက်များကို ဆွဲ၍နှုတ်ဆက်ကြသည်။ ရုတ်တရက် ဖြစ်ပေါ်လာသည့်စေ့ဆော်မှုကြောင့် အင်နီသည် မစ္စဗွိ၏လည်ပင်းကို သူ့ လက်နှစ်ဖက်ဖြင့် သိုင်း၍ တအားဖက်ထားမိလေသည်။

တရားသူကြီးသည် လက်ထပ်စာချုပ်ကို အသာအယာ လှုပ်ပေးနေသည်။ ထိုးထားသည့် လက်မှတ်များမှ မင်များကို ခြောက်သွေ့သွားရန် လုပ်နေခြင်းပေတည်း။ ကားလ်က စာချုပ်ကို ယူရန် ရှေ့သို့ တိုးလာသည်။ "ဟော့ဟော့ ဒီစာချုပ်ကို မင်းမပိုင်ဘူး၊ မိန်းကလေး ယူရမှာ" ဟု တရားသူကြီးက ပြောသဖြင့် အားလုံးက ရယ်ကြသည်။ အင်နီက စာချုပ်ကို လှမ်းယူပြီး သူ့ရင်၌ အပ်ထားကာ တရားသူကြီးအား ပြုံးကြည့်နေသည်။

ကားလ်သည် လက်ဆွဲသေတ္တာကို ဆွဲယူလိုက်ပြီး "အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျာ" ဟု ပြောလိုက်သည်။

တရားသူကြီး၏ မျက်နှာသည် စိတ်ရှုပ်နေဟန်ကို ဖော်ပြနေသည်။ အင်နီက ကားလ်၏ လက်ကို ဆွဲညှစ်ပြီး သတိပေးသည်။ "ဩော် ဟုတ်သားပဲ၊ ကျွန်တော် မေ့တော့မလို့" ဟု ကားလ်က ရေရွတ်သည်။ တရားသူကြီး၏ မျက်နှာထားသည် ပြောင်းသွားသည်။ အင်နီက လက်ဆွဲသေတ္တာကို ကိုင်ပေးထားခိုက်တွင် ကားလ်သည် တစ်ဒေါ်လာတန်စက္ကူနှစ်ရွက်ကို သူ့ သားရေပိုက်ဆံအိတ်ထဲမှ ထုတ်သည်။ တရားသူကြီး၏လက်ထဲသို့ တစ်ရွက်ချင်းစီ ထည့်ပေးသည်။ တရားသူကြီးသည် ငွေစက္ကူ နှစ်ရွက်ကို စိတ်ပျက်လက်ပျက် မျက်နှာထားဖြင့် ကြည့်နေသည်။ ကားလ်ကတော့ သက်ပြင်း တစ်ချက်ချသည်။ ပွဲကတော့ ပြီးဆုံးသွားပေပြီ။

"ကဲ သွားကြစို့ မစ္စက်ဘရောင်း" ဟု ကားလ်က ပြောသည်။ စာရေးသည် သူတို့အား လိုက်ပို့ပြီး တံခါးကို ပိတ်လိုက်သည်။ "လမစေ့ခင် မွေးလာ

mgyoe.com

mgyoe.com

ရတဲ့ အိမ်ထောင်သည် တစ်စုံတွဲတော့ လမ်းပေါ်ရောက်သွားကြပြန်ပြီ" ဟု ရေရွတ်သည်။

ငွေစက္ကူနှစ်ရွက် ဘောင်းဘီအိတ်ထဲထိုးထည့်နေသော တရားသူကြီးက "အရူးလေးတွေ" ဟု ပြောသည်။ "အချိန်ကို မစောင့်နိုင်ကြဘူး၊ အငမ်းမရဘဲ"

လက်ထပ်ပြီးစ ဇနီးမောင်နှံအသစ်အား အားလုံးက ယင်းကဲ့သို့ ဂုဏ်ပြုကြလေသည်။

ကားလ်နှင့် အင်နီသည် မြို့တော်ခန်းမ၏ လှေကားမှ ဆင်းလာခဲ့ကြသည်။ အေးမြမြ လေသည် သူတို့အား ဆီးကြိုနေသည်။ အင်နီက လေသည် ပန်းသီးနံ့ သင်းနေသည်ဟု ထင်သည်။ ကားလ်က အင်နီ၏အထင် မှန်သည်ဟု ပြောသည်။ ဤပြည်နယ်သည် ပန်းသီးခြံတွေနှင့် ပြည့်နေသော ပြည်နယ်ဖြစ်၍ လူတိုင်းလိုလို ပန်းသီးရည်ထုတ်လုပ်ရောင်းချသော လုပ်ငန်းဖြင့် အသက်မွေးကြသည်ဟုလည်း ရှင်းပြသည်။

အင်နီက သွားလာ လှုပ်ရှားနေကြသည့် လူ အများအပြားကို ကြည့်၍ ဘယ်က လာကြတာလဲဟု မေးသည်။ "နေရာတိုင်းက လာကြတာပေါ့" ဟု ကားလ်က ဖြေသည်။ တစ်နှစ်အတွင်း အကောင်းဆုံးနှင့် အထင်ရှားဆုံးသော ဘောလုံးပွဲကို ယနေ့ကျင်းပမည်ဖြစ်၍ အခုလို လူတွေအမြောက်အမြား လာနေကြခြင်း ဖြစ်သည်ဟုလည်း ကားလ်က စိတ်ရှည် လက်ရှည် ပြောပြသည်။

သူတို့သည် ပျားပန်းခပ်မျှ သွားလာနေကြသော လူစုလူဝေးကို မျှော်ကြည့်နေကြသည်။ ကောလိပ် ကျောင်းသား ကျောင်းသူများကိုလည်း မြင်တွေ့နေကြရ၏။ ကောလိပ် ကျောင်းသူ ကျောင်းသားများ၏ ဝတ်စားဆင်ယင်ပုံများမှာ အခြားလူတွေနှင့်မတူ။ အင်နီအဖို့ အမြင်ဆန်းလျက်ရှိသည်။

"အခု ဖြစ်နေတာ တကယ်မှ ဟုတ်ရဲ့လား" ဟု အင်နီက ပြောသည်။ "ဒီအဆောက်အအုံကြီးထဲကို မစ္စမက်ဂေရီအဖြစ်ဝင်လာခဲ့ပြီး အခု ပြန်အထွက်ကျတော့ မစ္စက်ဘရောင်းဖြစ်သွားပြီ။ ဘာပြုလို့လဲဆိုတော့ လူကြီးတစ်ယောက်က စာအုပ် တစ်အုပ်ထဲက စာကြောင်းကလေးတချို့ ဖတ်ပြလိုက်တာနဲ့ပဲ အင်နီတို့ဟာ တစ်ယောက်ယောက် သေမှ ခွဲခွာရမယ့် အိမ်ထောင်သည်ဘဝကို ရောက်သွားခဲ့ရတယ်။ သိပ်ကိုမြန်ဆန်တာပဲ၊ လက်ထပ်တာက ဦးထုပ်တစ်လုံး ဝယ်တာလောက်တောင် မကြာပါလားနော်"

mgyoe.com

mgyoe.com

"နားထောင်ပါဦး ကလေး သတို့သမီးရယ်၊ အဲဒီ မင့်ရင်ခွင်မှာ လက်နဲ့ ကိုင်ပြီး အပ်ထားတဲ့စာရွက်ဟာ တရားဝင်လက်ထပ်စာချုပ်တစ်ခုပါ။ မောင်တို့ ဟာ ဘုရားသခင်ရှေ့မှာရော၊ လူအများရှေ့မှာပါ လက်ထပ်ပြီးတဲ့ လင်မယား ဖြစ်သွားပါပြီ"

ကားလ်က ပြောပြောဆိုဆို အင်နီအား ဖက်လိုက်သည်။ "မလုပ်ပါနဲ့ ကားလ်ရယ် ဒီလောက်များနေတဲ့လူတွေရှေ့မှာကတော့"

"ဘာဖြစ်လို့လဲ မင်းကလည်းကွာ၊ မောင်တို့နှစ်ယောက် ဘရွတ် ကလင်းမှာ ရောက်နေတယ်လို့ သဘောထားလိုက်စမ်းပါ။ ဟိုမှာကတော့ လမ်းပေါ်မှာလည်း ပွေ့ကြ ဖက်ကြ၊ နမ်းကြ ရှုပ်ကြတာပဲ မဟုတ်လား"

အင်နီက ခေါင်းမော့ပေးသည်။ ဘေးမှ ဖြတ်သွားနေကြသော ကောလိပ် ကျောင်းသား တစ်စုသည် တန့်ခနဲရပ်ကာ သူတို့အား ကြည့်နေကြသည်။ ကျောင်းသားတစ်ယောက်က စ၍ လက်ခုပ်တီးကာ ဩဘာပေးသည်။ ကျန်လူစုကပါ ရော၍ ဩဘာပေးကြသည်။

"ကဲ အင်နီ မောင်တို့နှစ်ယောက်ဟာ တက္ကသိုလ်ကျောင်းသားတွေ ရှေ့မှာလည်း လက်ထပ်ပြီးသွားပြီ" ဟု ကားလ်က ပြောသည်။

သူတို့သည် တက္ကသိုလ်ကျောင်းဝင်းအတွင်းသို့ ဝင်လာခဲ့ကြသည်။ ပါလာသည့် လက်ဆွဲအိတ်ကို ကားလ်၏အဆောင်အခန်းဟောင်းသို့ ခဏ သွားထားရန် စီစဉ်ထားကြသည် မဟုတ်ပါလား။ အမှန်တော့ ကားလ်သည် သူတို့လက်ထပ်ပြီးလျှင်ပြီးချင်း နေရေး ထိုင်ရေး အဆင်ပြေဖို့အတွက် ကျောင်း အနီးရပ်ကွက်ထဲမှ အိမ်တစ်လုံးတွင် အခန်းတစ်ခန်း ငှားထားခဲ့ပြီးပြီ။ သို့တစေ လည်း ထိုအခန်းကို ညနေပိုင်းကျခါမှ ပိုင်ဆိုင်ခွင့်ရှိမည်ဖြစ်၏။

လမ်းအချိုးအကွေ့တစ်ခုသို့အရောက်တွင် ကားလ်က "မောင့်လက် တွေကို ကိုင်ထား" ဟု ပြောသည်။ "ပြီးတော့ မျက်လုံးတွေကို မှိတ်လိုက် ဟုတ်ပြီ၊ နောက်ကိုဆုတ်၊ ရောက်ပြီ၊ ထိုင်ချလိုက်" အင်နီသည် ခုံတန်းလျား တစ်ခုပေါ်သို့ ထိုင်မိသည်။ "ကဲ မျက်လုံးတွေ ဖွင့်လိုက်တော့"

အရွက်တွေ ကင်းမဲ့နေသော သစ်ပင်ကြီးများ ကြားမှ မားမားမတ်မတ် ထိုးထွက်နေသည့် ကြီးကျယ်ထည်ဝါသော အဆောက်အအုံကြီးတစ်ခုကို ဘွား ခနဲ မြင်တွေ့နေသည်။

"အဲဒါ တက္ကသိုလ် စာကြည့်တိုက်" ဟု ကားလ်က ပြောသည်။

mgyoe.com

mgyoe.com

"သိပ်ကိုလှတဲ့ အဆောက်အအုံကြီးပဲ၊ တကယ် လှတယ်နော်၊ သမိုင်းတည်ဖို့ ရပ်နေတဲ့ အရာကြီးတစ်ခုနဲ့ သိပ်တူတာပဲ၊ အင်နီကတော့ အထဲဝင်ကြည့်ချင်တယ်"

"ကြည့်ရမှာပေါ့ အချစ်ရယ်"

"သူတို့က အင်နီ စာအုပ်ငှားချင်ရင်ကော ငှားပါ့မလား၊ အင်နီက ကောလိပ်ကျောင်းသူမှ မဟုတ်တာ၊ အဲဒီတော့"

"သိပ်ငှားတာပေါ့ကွာ၊ မင့်ကို မောင့်ရဲ့ စာကြည့်တိုက် ကတ်ပြား ပေးထားမယ်လေ"

"တကယ် ပြောတာနော်" ဟု အင်နီက ကားလ်၏လက်ကိုဆွဲ၍ ဝမ်းသာအားရ ပြောသည်။ "အို...ကားလ်ရယ် ကမ္ဘာပေါ်မှာ အင်နီ့အတွက် အကောင်းဆုံးမင်္ဂလာဦးလက်ဆောင်ပါပဲလား"

ထိုစကားကြားရသည့်အခါ ကားလ်သည် အင်နီ့အတွက် သူဝယ်လာခဲ့သည့် မင်္ဂလာဦးလက်ဆောင်ကို သတိရလာခဲ့သည်။ စာကြည့်တိုက်ကို ကြည့်၍ ပီတိဖြစ်နေချိန်တွင် သူ့ လက်ဆောင်ကို ပေးရန် မသင့်ဟု ထင်သည်။

ကြည်နူးမှုကလေးတစ်ခုကို ဖျက်ဆီးပစ်လိုက်သလို မဖြစ်စေချင်။ သူ့လက်ဆောင်ကို အိပ်ရာဝင်ခါနီးကျမှ ပေးတော့မည်။ သူသည် လက်ပတ်နာရီကို ငုံ့ကြည့်သည်။

"မောင်တို့မှာ အချိန်နည်းနည်းပဲ ရှိတော့တယ်။ ဒီမှာ ခဏထိုင်ပြီး အနာဂတ်ခရီးအတွက် စဉ်းစားစီစဉ်ကြဦးစို့"

"စီစဉ်လေ ရပါတယ်"

သူတို့သည် တစ်ယောက်နှင့်တစ်ယောက်ပူးကပ်၍ထိုင်လိုက်ကြသည်။

"ပထမဆုံးပြောရမှာက ငွေကြေးကိစ္စပဲ၊ မောင်တို့မှာ ငွေကြေး ဘယ်လောက် ရှိသေးလဲဆိုတာ တွက်ကြစို့"

"အင်နီ့မှာ ခြောက်ဒေါ်လာနီးပါး ကျန်သေးတယ်" ဟု အင်နီက ပြောသည်။ "ဒီငွေဟာ အင်နီ့ လစာထဲက နောက်ဆုံးလက်ကျန်ပဲ။ ပြီးတော့ ဘဏ်ငွေစုစာအုပ်ထဲမှာ ခုနစ်ဆယ့်ငါးဒေါ်လာ ကျန်သေးတယ်၊ အတိုးပါ ထည့်ပေါင်းရင် ခုနစ်ဆယ့်ရှစ်ဒေါ်လာလောက်တော့ ရှိမယ်"

ပြောပြောဆိုဆို အင်နီသည် သူ့လက်ပွေ့အိတ်ထဲမှ ဘဏ်ငွေစုစာအုပ်ကို ထုတ်ယူလိုက်သည်။

mgyoe.com

mgyoe.com

"နေဦး ပြန်သိမ်းထား။ အဲဒါက အင်နီ့ရဲ့ ကိုယ်ပိုင်ငွေ ဒီငွေကို မောင်တို့ မသုံးနဲ့ဦး၊ ဘေးဖယ်ပြီး မေ့ထားကြရအောင်"

ကားလ်က သူ၏ငွေကြေးအခြေအနေကို ရှင်းပြသည်။ သူ့ ကျောင်းလခကို ဇွန်လအထိ ပေးပြီးပြီ။ တောင်းလေး ကဖီးတေးရီးယားဆိုင်၌ အလုပ်လုပ်နေရသည့်အတွက် အစားအသောက်ကို တစ်နေ့လျှင် သုံးနပ် အခမဲ့စားခွင့်ရထားသည်။ ကောလိပ်သတင်းစာ ပို့ပေးရသည့်အတွက် တစ်ပတ်လျှင် ငါးဒေါ်လာ လုပ်ခရသည်။ သူ့အမေထံမှ ပို့သည့်ငွေမှာ တစ်ပတ်လျှင် ငါးဒေါ်လာ။

သူ့ ဝင်ငွေက တစ်ပတ်လျှင် ဆယ်ဒေါ်လာ အသားတင်ဖြစ်၍ ငွေအတော်များများ စုမိထားနိုင်လောက်ပြီဟု အင်နီက တွေးသည်။ ကားလ်က အင်နီ၏အတွေးကို အကဲခတ်မိပုံရ၏။ "မောင်ရတဲ့ ငွေထဲက တချို့တစ်ဝက်ကို စုထားသင့်တာတော့ အမှန်ပဲ။ ဒါပေမဲ့ ရှူးဖိနပ်ရယ်၊ ခြေအိတ်ရယ်၊ အတွင်းခံရယ်၊ ရုပ်အင်္ကျီရယ် ပြီးတော့ တင်းနစ်ဘောလုံးတွေရယ် အဲဒါတွေက မရှိမဖြစ်တော့..."

"ပြီးတော့ ဆံပင်ညှပ်ခလည်း ကုန်မှာပေါ့" ဟု အင်နီက ဝင်ထောက်သည်။

"တစ်လ နှစ်ကြိမ် ညှပ်ရတယ်" ဟု ကားလ်က ပြောသည်။ "သြော် ကျန်သေးတယ်လေ၊ စီးကရက်ရယ်၊ သွားတိုက်ဆေးရယ်၊ ပြီးတော့ကာ တနင်္ဂနွေထုတ်သတင်းစာ၊ မှတ်စုစာအုပ်၊ တံဆိပ်ခေါင်း၊ တစ်ခါတလေ ရုပ်ရှင်ကြည့်တယ်၊ ဟော့ဒေါ့စားတယ်၊ ဘီယာလေးဘာလေး သောက်တယ်၊ အဝတ်လျှော်ခနဲ့"

"အင်းပေါ့လေ၊ ငွေကတော့ ကုန်တာပဲပေါ့၊ ဟုတ်လား ကားလ်"

ကားလ်သည် အင်နီ၏လက်ကိုဆွဲယူပြီး လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ထားသည်။ "အင်နီ့ကို မောင်တစ်ခုတော့ ပြောပြထားမှ ဖြစ်မယ်"ဟု ပြောကာ သက်ပြင်းတစ်ချက်ချသည်။ "တစ်ခါတုန်းက မိန်းကလေးတစ်ယောက်ကို ကပွဲ ခေါ်သွားဖူးတယ်၊ တစ်ကြိမ်တည်းပါ။ အဲဒီတုန်းက တက္ကစီခနဲ့"

အင်နီသည် တံတွေးတစ်ချက်မျိုချပြီး ငြိမ်နေသည်။ "ဒါကတော့ အင်နီ့ အလုပ်မဟုတ်ဘူး ကားလ်။ အဲဒီတုန်းက အင်နီနဲ့မှ လက်မထပ်ရသေးတာပဲ။ စေ့စပ်ထားရုံပဲဆိုတော့ ဒါကို ပြောနေလို့ မဖြစ်ဘူးပေါ့"

mgyoe.com

"ဒါပေမဲ့ အင်နီရယ်၊ အဲဒီအချိန်က မောင်တို့နှစ်ယောက်တည်း မဟုတ်ပါဘူး၊ သူငယ်ချင်းတစ်စုနဲ့ သွားကြတာပါ"

"အင်းပေါ့လေ၊ အင်နီကလည်း အဲသလို ဝန်ခံချက်မျိုး ပေးသင့်တယ်လို့ ထင်တယ်။ ဒါပေမဲ့ ကံမကောင်းတော့ အင်နီက အဲဒီအဖြစ်မျိုး တစ်ခုမှ မရှိခဲ့ဘူး။ အဲဒီတော့လည်း ဒီကိစ္စမှာ တရားမျှတမှုမရှိဘူးလို့ ဆိုရမှာပဲ။ အို... ဒါဟာ ကိစ္စတော့ မရှိပါဘူး"

"အင်နီရယ်၊ အဲသလိုလည်း မဟုတ်ပါဘူး"

"ထားပါတော့၊ ဒီလိုကြောင့် ငွေစုလို့ မရခဲ့ဘူးဆိုပါတော့"

"ဟုတ်တယ်၊ မောင် ဘယ်လိုလုပ်ပြီး စုနိုင်မလဲ။ ကျောင်းသုံးစာအုပ်ဈေးတွေကလည်း ဈေးကြီးတယ် မဟုတ်လား"

"ပြီးတော့ ဟိုကိစ္စကလည်း အကုန်အကျများတယ် မဟုတ်လား"

ကားလ်က ပြုံးဖြီးဖြီး လုပ်နေသည်။ "မင်း မနာလိုဖြစ်နေပြီ ထင်တယ် အင်နီ" ဟု ပြောသည်။

"ဟုတ်တယ် မနာလိုဘူး"

"မနာလိုခြင်းသည် အားငယ်စိတ်ကို ဖော်ပြတာပဲလို့ ဆိုကြတယ်"

"ဒါဆိုရင်လည်း အင်နီဟာ အောက်ကျ အားငယ်စိတ်ရှိတဲ့ မိန်းမတစ်ယောက်ပဲပေါ့"

"အဓိပ္ပာယ်မရှိတာတွေကို ဆက်မပြောတာဘဲ ကောင်းပါတယ်ကွာ၊ အင်နီ ဘယ်လိုသဘောရသလဲ"

"ရပါတယ်၊ မပြောဘဲနေကြတာပေါ့။ ဒါပေမဲ့ ဒါမျိုးတွေ နောက်ထပ်ဖြစ်မလာဖို့က အရေးကြီးတယ်"

"မောင် ကျိန်ပြောပါ့မယ် အင်နီရယ်၊ မဖြစ်စေရပါဘူး။ ဒါနဲ့လေ မောင်တို့ တစ်ပတ်ကို ဆယ်ဒေါ်လာနဲ့ နေလို့ ရမယ် ထင်သလား အင်နီ"

"ဆယ်ဒေါ်လာ မဟုတ်ဘူး ကားလ်၊ တစ်ပတ်မှ ငါးဒေါ်လာပဲ ရှိမှာ။ မောင် လက်ထပ်လိုက်ပြီဆိုတာ သိသွားရင် မောင့်အမေက သူ ပို့နေကျ ငွေကို ဘယ်ပို့တော့မလဲ"

"အိုကွာ ဒီသတင်းကို ကြားစမှာတော့ သူ စိတ်မကောင်း ဖြစ်မှာပေါ့။ ဒါပေမဲ့ နောက်ကျတော့ စိတ်ပြေသွားမှာပါ။ ဒီလောကမှာ အမေဟာ မောင်စိတ်ချမ်းသာတာကို အမြဲမြင်ချင်တဲ့လူပါ"

mgyoe.com

mgyoe.com

"သူနဲ့နေမှ မြင်ချင်တာပါ ကားလ်ရယ်"

"အဲသလိုတော့လည်း မဟုတ်ပါဘူးကွာ၊ မင်းက မောင့်အမေပေါ် အမြင်စောင်းနေလို့ပါ အချစ်ရယ်။ မောင့်အမေအကြောင်းကိုသိလာရင် မင်း သူ့ကို ချစ်လာမှာပါ။ အေးလေ တကယ်တော့လည်း မင်းဟာ မောင့်အမေနဲ့ တစ်ခါပဲ တွေ့ဖူးခဲ့တယ် မဟုတ်လား"

ထိုစဉ်က အင်နီသည် အသက် ဆယ့်ငါးနှစ်မျှသာ ရှိသေးသည်။ ကားလ်က သူ့အမေနှင့် တွေ့ရအောင် လိုက်ခဲ့ပါဟု ခေါ်၍ လိုက်ခဲ့ခြင်းဖြစ်၏။ ဘရောင်းတို့ မိသားစု နေအိမ်သည် အင်နီတို့ အိမ်နှင့် သိပ်မဝေး၊ တိုက်ခန်းမှာလည်း သူတို့ တိုက်ခန်းမျိုးပင် ဖြစ်သည်။ သို့သော်လည်း ဘရောင်းတို့ တိုက်ခန်းသည် သန့်ရှင်းသပ်ရပ်သည်။ အင်နီတို့အိမ်လို မညစ်ပတ်။

အင်နီတို့အိမ်တွင် အင်နီရော အင်နီ့အမေပါ အလုပ်ထွက်လုပ်ကြရ သဖြင့် အိမ်တွင် ကလေးငယ်တွေသာ ကျန်ရစ်သည်ဖြစ်ရာ၊ တစ်အိမ်လုံးကို ကသောင်းကနင်းဖြစ်အောင် လုပ်ထားလေ့ရှိသည်။ အင်နီတို့အိမ်သည် သူ့မောင်ငယ်ကလေးနှစ်ယောက်၏လက်ထဲ ဝကွက်အပ်ထားရသော အိမ်ဖြစ်လေသည်။ ကားလ်တို့ အိမ်တွင်မူ ကားလ်၏ အမေသည် သူ့ အိမ်အလုပ်မှတပါး တခြားလုပ်စရာ ဘာမှမရှိ။ ကားလ်၏ အစ်မ တက်စီနှင့် ကားလ်တို့ ကိုယ်တိုင်ကလည်း ကိုယ့်အခန်းကိုယ် သန့်ရှင်းစင်ကြယ်နေအောင် ထားနိုင်ကြသည်။

အိမ်သို့ရောက်သည့်အခါ ကားလ်သည် အင်နီအား သူ့အခန်းထဲသို့ ခေါ်သွားပြီး သူ ရထားသည့် ဆုတံဆိပ်များကို ပြသည်။ ကိုက်တစ်ရာ ပြေးပွဲတွင် ရခဲ့သည့် ဆုတံဆိပ် စကိတ်စီးပြိုင်ပွဲတွင် ရထားသည့် ငွေတံဆိပ်ဆု၊ ဝိုင်အမ်စီအေဘတ်စကတ်ဘော ပြိုင်ပွဲတွင် ရိုက်ကူးထားသည့် ဓာတ်ပုံ စသည်များ ဖြစ်သည်။ အသင်း ကပ္ပိတန် ဖြစ်သော သူသည် ဓာတ်ပုံထဲတွင် အလည် တည့်တည့်၌ ထိုင်လျက်။

သို့သော်လည်း အင်နီ စိတ်အဝင်စားဆုံးပစ္စည်းမှာ ကားလ်ကိုယ်တိုင် လုပ်ထားသည့် စာအုပ်စင်နှင့် ထိုစင်ပေါ်မှ စာအုပ်များဖြစ်သည်။ အင်နီ့တွင် ကိုယ်ပိုင် စာအုပ်ဆို၍ တစ်အုပ်မျှ မရှိ။ ကားလ်က သူ့စာအုပ်စင်ပေါ်ရှိ စာအုပ်များထဲမှ အင်နီ ကြိုက်နှစ်သက်ရာစာအုပ်တစ်အုပ်ကို လက်ဆောင်အဖြစ် ယူဖို့ ပြောသည်။

အင်နီသည် စာအုပ်စင်ရှေ့၌ ဒူးထောက်၍ထိုင်ကာ သူ နှစ်သက်ရာ

mgyoe.com

mgyoe.com

စာအုပ်ကို ရွေးသည်။ 'ရှားလော့ဟုမ်း' စာအုပ်ကို ယူလျှင် ကောင်းမလား။ 'ပေါ်တူဂီ ကဗျာများ' စာအုပ်ကို ယူလျှင် ကောင်းမလား။ ဒုတိယ စာအုပ်မှာ ခပ်ပါးပါး အပြင်အဆင် သပ်ရပ်လှပသည်။ သားရေဖုံးတွင် ရွှေစာလုံး ပုံနှိပ်ထားလေသည်။

ကားလ်သည် အင်နီ၏ခေါင်းနောက်တွင် ထုံးထားသည့် ဆံပင်ကို နောက်မှနေ၍ ရပ်ကြည့်နေသည်။ ဆံပင်ကို စုစည်းကာ အရိုးဆံညှပ်နှစ်ခုနှင့် ညှပ်ထားခြင်းဖြစ်၏။ ရုတ်တရက် သူသည် ဆံညှပ်များကို ဖျတ်ခနဲ ဆွဲဖြုတ်လိုက်မိသည်။ အင်နီက အလန့်တကြားအော်ကာ ထိုင်နေရာမှ ခုန်ထလိုက်ပြီး သူ့ဆံညှပ်များကို လိုက်လုသည်။

ကားလ်သည် ရှေ့မှနေ၍ ပတ်ပြေးနေသည်။ ကားလ်သည် သူ့အိပ်ရာခုတင် တစ်ဖက်မှ ရပ်ကာ ဆံညှပ်များကို မြှောက်ကိုင်ထားသည်။ အင်နီက ခုတင် တစ်ဖက်မှနေ၍ ခုန်ဆွဲသည်။ သူသည် အရှိန်လွန်ကာ အိပ်ရာပေါ်သို့ အလျားမှောက်လျက် လဲကျသွားသည်။ ကားလ်က အင်နီအား အပေါ်မှ စီး၍ ကြည့်ကာ "ကဲ မိပြီ ကိုယ်မိချင်တဲ့နေရာမှာ လာပြီး မိတာပဲ" ဟု ပြောသည်။

ထိုအခိုက်မှာပင် ကားလ်၏အမေသည် အခန်းထဲသို့ ဖြုန်းခနဲဝင်လာသည်။ "ဘုရား... ဘုရား" ဟု ရေရွတ်ကာ ရင်ဘတ်စည်တီး ပြုသည်။

အင်နီသည် ခုတင်ပေါ်ထိုင်လျက် ဆံပင်တွေကလည်း ဖိုးရိုးဖားရား၊ မျက်နှာမှာလည်း နီရဲနေသည်။ သူ့ ခါးမှ တိုနံ့နံ့ စကပ်ကို ဒူးဖုံးအောင် ဆွဲချနေသည်။

"မဟုတ်ဘူး အမေ" ဟု ကားလ်က ပြောသည်။ "အမေ ထင်သလို မဟုတ်ဘူး"

"ငါ သိပ်ရှက်တယ် ကားလ်" ဟု သူ့ အမေက ပြောသည်။

"ဒီ ကလေးမကကော ဘယ်လို မိန်းမစားမျိုးလဲ။ ခုတင်ပေါ်မှာ စကပ်ကို လည်ပင်းမှာပတ်ပြီး လှဲနေတယ်လို့တော်၊ ကျော်မကောင်း ကြားမကောင်း"

"ပြောတာ နားထောင်ပါဦး အမေရယ်၊ သားက သူ့ဆံညှပ်ကို ဖြုတ်ယူပြီး ထွက်ပြေးလို့ သူက လိုက်လုရင်းနဲ့"

"ငါ မကြားချင်ဘူး၊ လာပြောမနေနဲ့၊ ဒီမိန်းကလေးကို အိမ်ပြန်ခိုင်း"

"စိတ်မပူပါနဲ့" ဟု အင်နီက ဝင်ပြောသည်။ "ကျွန်မ ပြန်မှာပါ။ ဝမ်းသာစွာနဲ့ ပြန်မှာပါ"

mgyoe.com

mgyoe.com

အင်နီသည် ကားလ်၏လက်ထဲမှ သူ့ဆံညှပ်များကို ဆတ်ခနဲဆွဲယူသည်။ "ဒီမယ် ကားလ် နောက်ကို ဘယ်တော့မှ ရှင်နဲ့မတွေ့တော့ဘူး သိလား။ ရှင့်အမေကိုလည်း ဘယ်တော့မှ မတွေ့တော့ဘူး" သူသည် အခန်းထဲမှ ခေါင်းကိုမော့ ရင်ကိုကော့၍ ထွက်လာခဲ့သည်။

ကားလ်လိုက်လာသည့်အခါ အင်နီအား ဆင်ဝင်၌တွေ့သည်။ မျက်လုံးအစုံတွင် မျက်ရည်အပြည့်။ သူသည် ဆံပင်ကို စုကာ ဆံညှပ်နှင့် ညှပ်ရန် အားထုတ်နေသည်။ ကားလ်က ဘေးမှ ဝင်ကူသည်။

"ဘယ်လိုဖြစ်တယ်ဆိုတာ ရှင်းပြလို့ အမေက ယုံသွားပါပြီ အင်နီရာ။ သူလည်း စိတ်မကောင်း ဖြစ်နေပါတယ်။ မင်းကို ညစာ စားပြီးမှ ပြန်ပါလို့ ပြောနေတယ်"

"သူ ကျွေးတဲ့အစာကို စားမယ်ထင်သလား၊ ဝေးပါသေးတယ်။ ရှင် ပထမဆုံး ရှင်းပြနေတာကို သူက ဘာ့ကြောင့် လက်မခံတာလဲ။ အလကား သူက ညစ်တီးညစ်ပတ်နဲ့ ယုတ်တီးယုတ်မာ တွေးချင်နေတာကိုး၊ သူက အင်နီ့ကို စတွေ့ကတည်းက မုန်းနေတာပါ။ အင်နီ သိပါတယ်"

"သူက သူစိတ်မကောင်းပါဘူးလို့တောင်းပန်လိုက်ပါတယ် အင်နီရာ"

"ဘာလဲ၊ စိတ်မကောင်းပါဘူးဆိုတဲ့ စကားက သူ စောစောက ပြောလိုက်တဲ့စကားတွေကို ပျက်သွားအောင် ဖျက်လို့ရမယ် ထင်နေသလား"

ထို့နောက် အင်နီသည် ချုံးပွဲချ၍ ငိုသည်။ တော်တော်နှင့် ချော့၍မရ။ ကားလ်သည် သူ့ ညကျောင်းကိုပင် မတက်နိုင်၊ နောက်ဆုံးတွင် အင်နီအား ချော့မော့ပြီး ချာလီချက်ပလင်ရုပ်ရှင်ကား လိုက်ပြခဲ့ရလေသည်။

အင်နီက သက်ပြင်းချသည်။ "မောင် ပြောတာလည်း မှန်ပါတယ်။ မောင့်အမေကို အင်နီ တစ်ခါပဲ တွေ့ဖူးခဲ့တာပါ" ဟု ပြောသည်။

"မျှတအောင် စဉ်းစားကြည့်ပါ အင်နီ၊ အင်နီ့ အမေကလည်း မောင့်အပေါ်မှာ နားလည်မှုလွဲခဲ့တာပဲ မဟုတ်လား။ ဒါကို အင်နီ မသိတာမှ မဟုတ်တာ။ သူကိုယ်တိုင်က မောင်ဟာ ဘာမှမသိနားမလည်သေးတဲ့ သူ့သမီးလေးကို ဖျက်ဆီးမယ့် လူယုတ်မာတစ်ယောက်လို့ ထင်ခဲ့တာပဲ။ ဒါပေမဲ့ မောင် မင့်အမေကို မမုန်းခဲ့ပါဘူး"

"အင်နီကတော့ ထင်တယ်လေ၊ ယောက္ခမ ပြဿနာဟာ အမြဲ ရှိနေမှာပဲ"

mgyoe.com

mgyoe.com

"ဟာ ဒါကတော့ မဖြစ်နိုင်ဘူး၊ ဒါမျိုးက အချိန်ပိုင်းနဲ့သာ ဖြစ်လေ့ရှိတာပါ။ မောင်တို့အနေနဲ့ ကိုယ့်ဘဝကိုယ် ထူထောင်နိုင်ဖို့ပဲ အဓိကပါ"

သူသည် စီးကရက် သောက်ချင်လာ၍ စီးကရက်ဘူးကို ထုတ်သည်။ တစ်လိပ်မှမရှိတော့။ သူသည် ဘူးခွံကိုလွှင့်ပစ်လိုက်သည်။ အင်နီက သူ့လက်ပွေ့အိတ်ထဲမှ ဘူးသစ်တစ်ဘူးကို ယူပေးသည်။ "ရော့ မောင့်ဖို့ အင်နီဝယ်ထားတာ" ဟု ပြောသည်။

"မင်းဟာလေ၊ တကယ်ကို ချစ်စရာကောင်းတဲ့ ကောင်မလေးပါလား" ဟု ကားလ်ကပြောကာ သူ့ လက်တစ်ဖက်ကို ခုံတန်းလျားပေါ်သို့ ဆန့်တန်း၍ တင်လိုက်သည်။ သူသည် စီးကရက်တစ်လိပ်ကိုမီးညှိပြီး တအား ဖွာရှိုက်လိုက်သည်။ "ပျော်ရဲ့လား အင်နီ" ဟု မေးသည်။

"ဒီနေ့မနက် ရထားပေါ်ကဆင်းလာလို့ မောင့်ကိုမြင်လိုက်ကတည်းက ပျော်ခဲ့တာပါ"

ကားလ်သည် သူ့လက်တစ်ဖက်ဖြင့် အင်နီအား ဖက်လိုက်သည်။ "မောင်တို့ လက်ထပ်ပြီးတာ တစ်နာရီနီးပါးရှိနေပြီ။ အခုထက်ထိ လင်မယားလို မဆက်ဆံရသေးဘူး။ အဲဒါ ဘယ်လို လုပ်မလဲ"

"ကားလ်ရယ် ပြောပုံဆိုပုံက ကြမ်းလှချေကလား၊ ကြောက်စရာတောင် ကောင်းနေပြီ" ဟု ပြောက အင်နီက ရယ်သည်။

ကားလ်က အင်နီ၏ပါးကို နမ်းသည်။ "ကဲလေ မောင့်ရဲ့ ဘောလုံးပွဲလက်မှတ်တွေကို ရောင်းပစ်လိုက်မယ်။ ရတဲ့ငွေနဲ့ မင်္ဂလာဦး နေ့လယ်စာစားမယ်။ အင်နီ ဘယ်လိုသဘောရသလဲ"

အင်နီက ခေါင်းညိတ်သည်။ ထိုအခါ ကားလ်သည် လက်ဆွဲသေတ္တာကို ဆွဲပြီး သူ့အခန်းသို့ သွားထားသည်။ သူ သွားနေခိုက်တွင် အင်နီသည် စာကြည့်တိုက် အိမ်သာသို့ဝင်ကာ ကိုယ်လက်သုတ်သင်သည်။ ကားလ်သည် မကြာခင်မှာပင် သူ့အမေထံမှ အပတ်စဉ်ရောက်နေကျ စာနှင့်အတူ ပြန်ရောက်လာသည်။ စာအိတ်ထဲတွင် ထုံးစံအတိုင်း ငွေ ငါးဒေါ်လာ ပို့သည့် ငွေပို့လွှာပါလာသည်။

"မောင့်အမေဆီက နောက်ထပ် ငွေမပို့ခင် မောင် လက်ထပ်ပြီးပြီဆိုတဲ့စာ ရေးလိုက်စေချင်တယ်" ဟု အင်နီက ပြောသည်။

ကားလ်သည် တွေတွေငေးငေး ဖြစ်သွားသည်။ "အဲသလို ဗြုန်းစား

mgyoe.com

mgyoe.com

ကြီး လုပ်လို့တော့ မသင့်သေးဘူးထင်တယ် အင်နီရယ်" ဟု ပြောသည်။ "အမေ့ဘက်က ကြိုတင်ပြင်ဆင်မှု ရှိမထားရင် အမေ သိပ်ပြီး စိတ်ထိခိုက်သွားလိမ့်မယ်။ အဲဒီတော့ မောင်နဲ့အင်နီ မကြာခင် လက်ထပ်ကြဖို့ စိတ်ကူးနေကြပြီလို့ ရေးထားလိုက်ရင် ပိုမကောင်းဘူးလား"

အင်နီက ရုတ်တရက် အဖြေမပေးဘဲ ငြိမ်နေသည်။ "မောင့်သဘောပဲလေ" ဟု ပြန်ပြောသည်။ "အင်နီကတော့ ရဲရဲဝင့်ဝင့် ပွင့်ပွင့်လင်းလင်းနဲ့ ချက်ချင်းအသိပေးလိုက်တာ အကောင်းဆုံးဖြစ်မယ်လို့ ထင်တာပဲ"

❖

mgyoe.com

mgyoe.com

# အခန်း [၂]

အင်နီသည် သူ့ အမေထံသို့ သူ ယနေ့ပင် လက်ထပ်ပြီးပြီဖြစ်၍ ပျော်ရွှင်ချမ်းမြေ့လျက်ရှိကြောင်း ကြေးနန်းရိုက်လိုက်သည်။ ကားလ်ကတော့ ပို့စကတ်တစ်ခုပေါ်တွင် အင်နီ သူ့ထံ ရောက်နေကြောင်း၊ သူတို့ လက်ထပ်ကြမည်ဟု စိတ်ကူးထားကြောင်း စာတိုကလေး ရေးကာ စာတိုက်မှ ထည့်လိုက်သည်။

ထို့နောက် သူသည် အားကစား ပစ္စည်းဆိုင်ရှေ့၌ ရပ်ကာ ဘောလုံးပွဲ လက်မှတ်နှစ်စောင်ကို လူအများ မြင်သာအောင် လက်နှင့်ကိုင်၍ ပြထားသည်။ စက္ကန့်ပိုင်းအတွင်းမှာပင် ခြောက်ဒေါ်လာနှင့် ရောင်းထွက်သွားသည်။ သူ့ လက်မှတ်တစ်စောင်မှာ အခမဲ့ ရထားခြင်းဖြစ်၍ ဒုတိယတစ်စောင်မှာ တစ်ခန်းတည်း အတူနေ ကျောင်းသားထံမှ တစ်ဒေါ်လာပေးပြီး ဝယ်ယူထားခြင်းဖြစ်၏။ သူ့အတွက် အမြတ်ငွေ ငါးဒေါ်လာ ရလိုက်သဖြင့် များစွာဝမ်းသာလျက်ရှိလေသည်။

သူတို့သည် မြို့ထဲမှ အကောင်းဆုံးစားသောက်ဆိုင်သို့ သွား၍ ကောင်းပေ့ဆိုသည့် ဈေးအကြီးဆုံးအစားအစာများကို မှာယူစားသောက်သည်။ ဈေးကြီးသည်ဟု ဆိုရသော်လည်း တစ်ပွဲမှ ခုနစ်ဆယ့်ငါးဆင့်မျှသာ ကျသည်။ ကားလ်က သူ့အတွက် ဘီယာတစ်ပုလင်းမှာသည်။ "ရှန်ပိန်တော့ မသောက်နိုင်ဘူးပေါ့ကွာ" ဟု သူက ပြောသည်။ "ဒါပေမဲ့ တစ်ပုလင်း သုံးဆယ့်ငါးဆင့်နဲ့ မူးတူးတူး မင်တင်တင် အရသာကိုတော့ ခံစားရမှာပါ"

mgyoe.com

mgyoe.com

နှစ်ယောက်သား စကား မပြောနိုင်ကြ။ ဆာလွန်းလှပြီဖြစ်၍ အစား ကိုသာ အငမ်းမရ စားနေကြသည်။ အစားအစာ အတော်များများ ဗိုက်ထဲ ရောက်သွားခါမှပင် သူတို့သည် စိတ်သက်သာရာ ရလာကြသည်။ ကားလ်သည် စီးကရက်တစ်လိပ်ကို အားပါးတရ ဖွာလိုက်ပြီး သက်ပြင်း တစ်ချက် ချလိုက်လေသည်။

"ဘဝဆိုတာ ဒါပါပဲ အင်နီ" ဟု ပြောသည်။ "မြန်မြန် စားပြီး၊ မြန်မြန် ထပြေးရတဲ့ ကဖီးတေးရီးယား ဆိုင်အညံ့စားမှာ စားရမယ့်အစား ဆိုင်ကောင်းကောင်းမှာ အခုလို အေးအေးဆေးဆေး ထိုင်ပြီး အစားအသောက်ကို ဇိမ်နဲ့ စားရသောက်ရတာဟာ တကယ့် ဘဝပဲ။ ဒါပေမဲ့ကွာ မောင်တို့မှာ အချိန်တွေ တစ်နေ့ခင်းလုံး ကျန်နေသေးတယ်။ အချိန်ကုန်အောင် ဘယ်လို ဖြုန်းကြမလဲ"

"အင်နီကတော့ ဒါတွေကို မမက်မောဘူး။ အခုလိုဟာမျိုးတွေကို အခုလို နေရာမျိုးမှာ လာပြီး စားလေ့စားထလည်း မရှိဘူး။ အို... အင်နီကတော့ သူဌေးတစ်ယောက် မဖြစ်တာကိုလည်း ဝမ်းသာနေတယ်။ သိလား"

"မင်း တစ်သက်လုံး အဲသလိုပဲ နေသွားနိုင်မှာလား အင်နီ၊ စိတ် မပြောင်းတော့ဘူးလား"

"အဲဒါတော့ အင်နီ ကတိ မပေးနိုင်ဘူးလေ။ လူတွေမှာ စိတ်အပြောင်း အလဲဟာ ရှိစမြဲပဲ။ လူတစ်ယောက်ဟာ အသက်မကြီးဘဲနေတာမှမဟုတ်တာ။ အသက်ကြီးလာရင် စိတ်က ပြောင်းလာတတ်တယ် မဟုတ်လား"

"မောင်ကတော့ မင်းရဲ့အခြေခံစိတ်ကို လုံးဝမပြောင်းပစ်ပါနဲ့လို့ ပြော ချင်တယ်"

သူတို့သည် စားသောက်ဆိုင်ထဲမှထွက်လာခဲ့ကြပြီး စောစောက ထိုင်ခဲ့ သည့် ခုံတန်းပေါ် ပြန်ထိုင်ကြသည်။ အချိန်သည် ကုန်ခဲလှပါဘိခြင်း။ သူတို့ သည် သူတို့၏အတိတ်အကြောင်းများကို စားမြုံ့ပြန်နေကြသည်။

"အဲ ဟိုညကသာ မောင့်အစ်မနဲ့ မောင်နဲ့ရန်ဖြစ်လို့ မောင်အပြင် ထွက်ပြီး ရုပ်ရှင်မကြည့်ဖြစ်ခဲ့ရင်..." ဟု ကားလ်က စကားစသည်။

"အင်နီတို့နှစ်ယောက် တွေ့ကြမှာမဟုတ်ဘူး" ဟု အင်နီက ကြားဖြတ် ပြောသည်။ "ပြီးတော့ အဲဒီညက မောင်ကသာ အင်နီ့ကို အိမ်လိုက်ပို့မပေးခဲ့ရင် အခုလို ဖြစ်လာမှာမဟုတ်ဘူးနော် ကားလ်" ဟု ဆက်ပြောသည်။

"အဲဒီညက မင့်ကို လိုက်မပို့ရင် ဘယ်ဖြစ်မလဲ။ ဒီလောက် မှောင်မိုက်

mgyoe.com

mgyoe.com

နေတဲ့ လမ်းပေါ်မှာ မင်းလို အသက်ငယ်ငယ် ကောင်မလေးကို မုဒိမ်းကျင့်ခံရမှာ စိုးရတယ် မဟုတ်လား"

"ဘာ ကောင်မလေးလဲ၊ အင်နီ အလုပ် လုပ်နေပြီ။ အချိန်ပြည့် အလုပ်လုပ်နေတဲ့ လူကို ကောင်မလေးလို့ ခေါ်လို့ရမလား။ ဒါပေမဲ့ တစ်ခုတော့ ရှိတယ်။ အဲဒီညက အင်နီ့ကို တံခါးဝမှာထားခဲ့ပြီး လုပ်သွားတဲ့ပုံက အင်နီ့ကို နောက်ထပ် လုံးဝလာမတွေ့ချင်တော့တဲ့ ပုံစံမျိုးကြီး။ အင်နီ စိတ်မကောင်းဖြစ်ပြီး ကျန်ရစ်ခဲ့ရတာ"

"မောင်က ဆယ့်ခြောက်နှစ်ဆိုပေမဲ့ ကိုယ့်ကိုယ်ကိုယ် လူကြီးလို့ ထင်နေမိတာကိုး။ မင်းလို ဆယ့်လေးနှစ်အရွယ် ကောင်မလေးဟာ မောင့်အတွက် ဘယ်လိုမှ သုံးမရတဲ့ ချာတိတ်မလေးလို့ ထင်ခဲ့တာကိုး"

အင်နီက ရယ်သည်။ "အဲဒီအပတ် တနင်္ဂနွေနေ့ကျတော့ စတိတ်တင်းကျွန်းဘက်မှာ မော်တော်နဲ့ တစ်နေ့လုံး လျှောက်လည်ခဲ့ကြတာကော မှတ်မိသေးလား"ဟုမေးသည်။ "မုန့်တွေ ပစ် ပစ်ကျွေးလို့ စင်ရော်တွေက တကောက်ကောက်လိုက်နေကြတယ်လေ။ အပြန်ကျတော့ မဟာန်တန်ရပ်ကွက်ထဲလည်းရောက်ရော မင်း ငါ့ကို တကယ် ချစ်ရဲ့လားလို့ မေးခဲ့တယ်။ ပြီးတော့ လူသွားလူလာများတဲ့ ဘရော့ဒ်ဝေး လမ်းကြီးပေါ်မှာ တကယ်ချစ်ရင် နမ်းရမယ်လို့ အတင်းခိုင်းနေတာနဲ့ အင်နီက နမ်းခဲ့ရသေးတယ်လေ"

"ဟုတ်ကောဟုတ်ရဲ့လားကွာ၊ သြော်...ဟုတ်တယ်၊ မှတ်မိပြီ။ မင်းက ဖွတ်နမ်းလို့ မောင်က ရှက်နေသေးတယ်လေ"

"လူနောက်၊ လူလိမ်"

ပြောပြောဆိုဆို အင်နီက ကားလ်အား လက်သီးနှင့် ထုသည်။ နှစ်ဦးစလုံး ငြိမ်ဆိတ်နေကြပြန်သည်။ "ဘာတွေ တွေးနေသလဲ ကားလ်" ဟု အင်နီက မေးသည်။ "နှစ်ယောက်တည်း လွတ်လွတ်လပ်လပ် နေရအောင် ဘယ်လိုလုပ်ရမလဲလို့ စဉ်းစားနေတာ" ဟု ကားလ်က အဖြေပေးကာ စပ်ဖြဲဖြဲလုပ်နေသည်။

အားကစားကွင်းဘက်မှ အော်ဟစ်သံများ တစ်ခဲနက် ထွက်ပေါ်လာသည်။ "မောင်တို့ ကျောင်းက နိုင်နေပြီ ထင်တယ်" ဟု ကားလ်က ရေရွတ်သည်။ ထို့နောက် အင်နီ၏လက်ကို ဆွဲယူကာ သူ့လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ထားသည်။ "မင်းကတော့ သိမယ်မထင်ဘူး အင်နီ၊ မောင်တို့ဘဝဟာ ကြမ်း

mgyoe.com

mgyoe.com

တမ်းလိမ့်မယ်၊ အခက်အခဲတွေလည်း အများကြီးရှိမှာ သေချာတယ်" ဟု တိုးတိုးသာသာ ပြောသည်။

"အင်နီ ဖြတ်သန်းလာခဲ့ရတဲ့ ခရီးထက်တော့ ပိုပြီး ကြမ်းတမ်းလိမ့်မယ်လို့ မထင်ပါဘူး၊ ကားလ်ရယ်"

"မဟုတ်သေးဘူး အင်နီ၊ တစ်ခါတလေမှာ နောက်ထမင်းတစ်နပ်စားဖို့ ဘယ်နေရာကရပါ့မလဲဆိုတာ မသိနိုင်တဲ့အချိန်မျိုးတွေနဲ့ ကြုံချင်ကြုံရလိမ့်မယ်"

"အင်နီ အလုပ်ရရင် အဲဒါမျိုး မကြုံနိုင်ပါဘူး မောင်ရယ်"

"အလုပ် လုပ်ဖို့ကို ထည့်တွက်ထားလို့ မရဘူး အင်နီ၊ တခြား အရေးကြုံလာစရာတွေက ရှိလာဦးမှာ"

"ကားလ်ရယ်၊ ပြောနေလိုက်တာ ကလေး တစ်ယောက်ကျနေတာပဲ။ ဘာပဲဖြစ်ဖြစ် တစ်နည်းနည်းနဲ့ တစ်ခုခုတော့ အဖြေရှာရမှာပေါ့။ ကလေး မွေးလာရင် ကိုယ့်နို့ကိုယ် တိုက်မှာပေါ့။ ဒါဆိုရင် နို့မှုန့်ဘူးဖိုး မလိုတော့ဘူးပေါ့"

"ဟာကွာ ချက်ချင်းကြီး ကလေး ယူလို့ကတော့ မဖြစ်သေးဘူး အချစ်ရဲ့"

"ဒါပေမဲ့ ကလေးမရှိအောင် ဘယ်လိုလုပ်ရမယ်ဆိုတာ အင်နီမှ မသိတာ"

"မောင် သိပါတယ်၊ ဒီကိစ္စကို မောင့်တာဝန်ထားပါ"

"ဒါဆိုရင် ဘာမှပူစရာမရှိပါဘူး ကားလ်ရယ်၊ အင်နီ အလုပ်ရှာလုပ်မှာပေါ့"

"မင်းက အလုပ်လုပ်ပြီး မောင်တက္ကသိုလ် တက်ရတဲ့ အဖြစ်မျိုးတော့ မောင် မကြိုက်ဘူးကွာ"

"မဟုတ်သေးပါဘူး ကားလ်ရယ်၊ အင်နီ အလုပ်လုပ်ခဲ့တာ လေးနှစ်တောင် ကြာခဲ့တယ်။ ဘာအတွက် လုပ်တာလဲ။ ဘယ်သူ့အတွက် လုပ်တာလဲ။ အဓိပ္ပာယ် မရှိသလိုပါပဲ။ ဘာအတွက်မှလည်း မဟုတ်ဘူး။ အခုကျရင်တော့ အင်နီ အလုပ်လုပ်တဲ့အထဲက အကျိုးအမြတ် တစ်စုံတစ်ခုတော့ ရအောင် လုပ်ရမှာပဲ"

"မင်းဆိုလိုတာက မောင် ပညာဆက်သင်ရမယ်။ ဥပဒေဘွဲ့ကို

mgyoe.com

mgyoe.com

ရအောင် လုပ်ရမယ်ပေါ့။ ဒါဆိုရင် မင်းက ဘာရမှာလဲ"

"အင်နီက မွေးလာတဲ့ သားသမီးတွေအတွက် အလားအလာကောင်းတွေ ရှိရမယ်လေ။ သူတို့ အဖေဟာ ရှေ့နေကြီးတစ်ယောက် ဖြစ်ကိုဖြစ်ရမယ်။ အင်နီ့အတွက်ကတော့ ဒီအရပ် ဒီဒေသမှာ မောင်နဲ့ အတူတူနေရရင် လုံလောက်ပါပြီ ကားလ်ရယ်"

"နောင်အခါကျမှတော့ မင်းအဖြစ်ကို မင်းပြန်ကြည့်ပြီး စိတ်မကောင်း မဖြစ်ဘူးလို့ မောင် မျှော်လင့်ပါတယ်ကွယ်"

"ဘယ်တော့မှ စိတ်မကောင်းမဖြစ်ဘူးဆိုတာ ယုံကြည်ပါ ကားလ်ရယ်။ ဘာပဲဖြစ်ဖြစ် ဖြစ်ချင်တာ ဖြစ်ပါစေ၊ ကိစ္စမရှိပါဘူး"

ဘောလုံးပွဲသည် ပြီးသွားခဲ့ပြီ။ လူအများအပြားသည် တက္ကသိုလ်နယ်မြေအတွင်းသို့ စုပြုံဝင်ရောက်လာကြသည်။ ကားလ်သည် သူ့အခန်းသို့ သွား၍ ပစ္စည်းများကို ယူလာသည်။ လက်ဆွဲသေတ္တာ နှစ်လုံးအနက် တစ်လုံးမှာ သူ့သေတ္တာဖြစ်၍ ကျန်တစ်လုံးမှာ အင်နီ့ သေတ္တာဖြစ်၏။ သူ့လက်ထဲတွင် သူပိုင်ပစ္စည်း နှင်းလျှောစီးစကိတ်ဖိနပ်တစ်စုံနှင့် တင်းနစ်ရက်ကက်တစ်ချောင်းကိုလည်း ကိုင်လာသည်။

"ဒီပစ္စည်းတွေဟာ သူ့ဘဝရဲ့ အစိတ်အပိုင်းတွေ ဖြစ်မှာပါ" ဟု အင်နီက တွေးသည်။ နှင်းလျှောစီး စကိတ်သည် ကားလ်အား ငွေဖလားဆုကို ရစေလိမ့်မည်။ တင်းနစ်ကစားလျှင်လည်း သူ့အတွက် ဆုတံဆိပ်တစ်ခုတော့ ရမည်မှာ မလွဲ။ 'အင်း ငါကတော့ ပင်ပေါင်တောင်မှ မရိုက်တတ်ဘူး' ဟု အင်နီက စဉ်းစားမိသည်။ ကားလ် ငှားထားသည့်အိမ်သည် သဘောကျစရာကောင်းသည်။ အထူးသဖြင့် အိမ်ရှေ့ဆင်ဝင်သည် ကျယ်ဝန်းသဖြင့် လွတ်လပ်စွာ နေလို့ရ၏။ ကြိမ်ကုလားထိုင်များ ချထားရုံသာမက တစ်နေရာတွင် သစ်သားဒန်းတစ်ခုရှိသည်။ သူတို့သည် ပါလာသည့်ပစ္စည်းများကို ဆင်ဝင်၌ ချထားကာ ခေတ္တခဏမျှ အပန်းဖြေကြသည်။ "နောက်ငါးမိနစ်လောက်ဆိုရင် မောင်တို့ အိပ်ရာဝင်နိုင်ကြတော့မှာပါကွာ၊ ခဏတော့ သည်းခံရမှာပေါ့" ဟု ကားလ်က အင်နီအား နှစ်ကိုယ်ကြားလေသံဖြင့် ပြောသည်။ "ကဲပါကွာ မောင့်ကို တစ်ခါလောက်တော့ အနမ်းပေးပါဦး"

အင်နီက ကားလ်၏အလိုကို လိုက်လျောသည်။ အိမ်ရှင်မိန်းမကြီးသည် သဘောကောင်းရုံမျှမက ကိုယ်ချင်းလည်း စာနာတတ်သည်။ ကားလ်တို့အား

mgyoe.com

ငှားထားသည့်အခန်းမှာ မအားသေး။ နေ့ခင်း ငှားထားသူများ မပြန်သေးသဖြင့် အခက်တွေ့နေရသည်။ မစ္စက်ဘရောင်းဟုခေါ်သည့် ကောင်မလေးမှာ ပင်ပန်းနေပုံရ၏။ ထို့ကြောင့်လည်း သူ့အခန်း သူ့အိပ်ရာပေါ်၌ ခဏတစ်ဖြုတ် လှဲနေမလားဟု မေးသည်။ အင်နီက ခေါင်းခါသည်။ သူတို့အနေဖြင့် စောင့်နိုင်ပါသည်ဟု ဖြေသည်။

သူတို့သည် ဒန်းပေါ်သို့ သွားထိုင်ကြသည်။ အင်နီက ငြိမ်ငြိမ်မထိုင် ဒန်းကို လွှဲနေသည်။ "အင်နီကလည်းကွာ ဘာပြုလို့ ဒန်းကို လွှဲနေရတာလဲ" ဟု ကားလ်က ပြောသည်။ သူ့အသံတွင် စိတ်မရှည်သံ ပါနေသည်ကို ချက်ချင်း သတိထားမိသည်။ "စိတ်မဆိုးပါနဲ့ အချစ်ရယ်၊ မောင် မှားသွားတယ်" ဟု တောင်းပန်သည်။

"အင်နီ နားလည်ပါတယ် ကားလ်ရယ်။ အခုလို စောင့်နေရတာကို အင်နီလည်း စိတ်မရှည်ပါဘူး"

"မဟုတ်ပါဘူး၊ မင်း စိတ်က ဘာမှမဖြစ်ပါဘူး။ မိန်းမဆိုတဲ့ သတ္တဝါက အခုလိုစောင့်ရတာမျိုးကျရင် စိတ်ကိုရှည်ပါတယ်ကွာ။ မောင့်မှာက တစ်နေကုန် စောင့်နေရတာဆိုတော့ ရူးလောက်တယ်လို့ ထင်တယ်"

"သိပါတယ် ကားလ်ရယ်၊ ဒီလိုပဲ သည်းခံရမှာပေါ့"

"ဟာကွာ၊ မင်းကလည်း ဘယ်လိုလုပ်ပြီး သည်းခံနိုင်မှာလဲ"

"အင်နီ့ကို အော်လား ဟောက်လား မလုပ်နဲ့လေ။ အခုလို စောင့်နေရတာဟာ အင်နီ့ အပြစ်မှ မဟုတ်တာ"

ကားလ်က အင်နီအား ခပ်ကြမ်းကြမ်း ပွေ့ဖက်ထားလိုက်သည်။ ပြီးတော့ မျက်လုံး၊ နားရွက်၊ ပါး၊ လည်ပင်းနှင့် နှုတ်ခမ်းတို့ကို နမ်းသည်။

"မလုပ်နဲ့လေ ကားလ်၊ ဟိုမှာ လူတွေအများကြီး သွားလာနေကြတာ မမြင်ဘူးလား"

"သွား သွား ကွာ။ ထူးတော့ပါဘူး"

ကားလ်က ဒေါသတကြီး ပြန်ပြောကာ အင်နီအား သူ့ဘက်သို့ ဆွဲယူသည်။ အင်နီက အလန့်တကြားဖြစ်ကာ သူ့ လက်နှစ်ဖက်ဖြင့် ကားလ်၏ ရင်ဘတ်ကို ဆောင့်တွန်းလိုက်သည်။ ကားလ်သည် ဒန်းပေါ်မှ လိမ့်ကျသွားသည်။ သူသည် မြေပေါ်မှ လူးလဲထကာ အင်နီ့ရှေ့၌ လာရပ်သည်။ အင်နီ၏ မျက်နှာတွင် ငိုတော့မည့်အရိပ်အငွေ့များ ယှက်သန်းနေပြီ။ ကားလ်သည်

mgyoe.com

အင်နီအား စူးစူးရဲရဲကြည့်နေရာမှ ချာခနဲလှည့်ပြီး အိမ်ထဲသို့ ဆောင့်ကြီး အောင့်ကြီး ဝင်သွားသည်။

အင်နီသည် ဒန်းပေါ်မှဆင်းကာ မြေကြီးပေါ်၌ ရောက်နေသည့် ဦးထုပ်ကို ကောက်ယူလာသည်။ ငိုတော့မည့်နှယ်ဖြစ်နေသော မျက်နှာထားသည် ပြောင်းသွားသည်။ သူသည် ရယ်ချင်စိတ်ကို မချုပ်တည်းနိုင်။ အရူးတစ်ယောက်သဖွယ် ဟက်ဟက်ပက်ပက် ရယ်နေသည်။ ထိုအခိုက်မှာပင် ကားလ်သည် အိမ်ထဲမှ ပြန်ထွက်လာသည်။ စောစောကနှင့် မတူတော့။ လေကလေး တချွန်ချွန်နှင့် ရွှင်မြူးလျက်ရှိသည်။ သူ့ခြေလှမ်းများသည် သွက်လက်နေသည်။ သူတို့ ငှားထားသည့်အခန်းထဲမှ နေ့အငှားသမားများ ပြန်ကြတော့မည်။ နောက်ဆယ့်ငါးမိနစ်အကြာတွင် သူတို့ ဝင်ရောက်နေရာယူလို့ ရတော့မည်ဟု အိမ်ရှင်မကြီးထံမှ သိလာခဲ့ရပြီ မဟုတ်ပါလား။

ထို့နောက် သူသည် ဒူးထောက်ထိုင်ကာ ရယ်မောနေသော အင်နီကို မြင်သည်။

"အင်နီ၊ ဘာဖြစ်လို့ ဒီလောက် ရယ်နေတာလဲ" ဟု မေးသည်။

'ဒန်းနဲ့တိုက်မိပြီး အင်နီ လဲသွားတယ်၊ အဲဒါကြောင့်' ကားလ်က အင်နီအား ဆွဲထူပေးသည်။ နောက်ဘက်သို့လန်ကျနေသော ဦးထုပ်ကို ပြင်ဆောင်းပေးသည်။ သူ့လက်ကိုင်ပဝါဖြင့် အင်နီ့မျက်နှာကိုသုတ်ပေးသည်။ စောစောက သူ ဒေါသဖြစ်ခဲ့မိသည့်ကိစ္စအတွက် ဝန်ချတောင်းပန်နေပြန်သည်။

"သိပ်ပြီး ဆန္ဒစောနေလို့ မဖြစ်သေးဘူး ကားလ်" ဟု အင်နီက ပြောသည်။ "မောင့်အတွက် ဘာအကျိုးရှိမှာလဲ"

စားသောက်ခန်းထဲ ရောက်ချိန်အထိ အင်နီသည် စကားတစ်ခွန်းမှ မပြော။ မျက်နှာထားကလည်း တည်ငြိမ်လျက်ရှိသည်။ သူ့အပြစ်သူ သိနေသော ကားလ်သည် သူဝယ်လာသည့် အသားညှပ်ပေါင်မုန့်နှင့် ကော်ဖီကို ပြင်ကာ အင်နီ့ရှေ့ လာချသည်။ သူကိုယ်တိုင်လည်း မျက်နှာချင်းဆိုင်၌ ထိုင်ကာ စားနေသည်။ အင်နီ စိတ်ဆိုးနေမှန်း သိသဖြင့် အစားကို စားရသည်မှာ အရသာ သိပ်မတွေ့။

အင်နီသည် နောက်ဆုံး ကျန်သည့် ကော်ဖီကို ကုန်အောင် သောက်သည်။ ပြီးတော့ ကားလ်ကို တစ်ချက် လှမ်းကြည့်သည်။

"ကားလ်"

mgyoe.com

mgyoe.com

"ဘာလဲ အင်နီ"

"စောစောက ဒန်းပေါ်မှာလုပ်တဲ့အလုပ်မျိုးကို အင်နီ မကြိုက်ဘူး။ အဲသလို ဖွတ်ရော အစမ္မရော၊ ဖက်လားပွေ့လား လုပ်တာမျိုးကို အင်နီ လုံးဝ လက်မခံနိုင်ဘူး။ အဲဒါပဲ"

သူ မျှော်လင့်ထားသလောက် မဆိုးသဖြင့် ကားလ်သည် စိတ်လက် ပေါ့ပါးသွားသည်။ "မောင် မှတ်ထားပါ့မယ်" ဟု တိုးတိုးပြောသည်။

"နောက်ကို ဘယ်အချိန် ဘယ်နေရာမှာမှ အဲဒါမျိုး မလုပ်ပါနဲ့"

"မောင် မှတ်ထားပါမယ် အချစ်ရယ်" ဟု ကားလ်က ထပ်ပြောသည်။

သူတို့ အိမ်ထဲဝင်လာကြသည့်အခါ မှောင်လုနီးနီး ဖြစ်နေပြီ။ သူတို့ အခန်းသည် ကျောင်းသားတွေ ရလေ့ရှိသည့် အခန်းထက် ပိုကြီးပြီး ပို၍ ကျယ်ဝန်းသည်။ ပြတင်းပေါက် သုံးပေါက်၊ နှစ်ယောက်အိပ် ခုတင်တစ်လုံး၊ စာကြည့်စားပွဲတစ်လုံးနှင့် ကုလားထိုင်တစ်လုံး၊ လှုပ်ကုလားထိုင်တစ်လုံး၊ မှန်တင်ခုံတစ်လုံးနှင့် စာအုပ်စင်တစ်စင် ရှိသည်။ စာအုပ်စင်တွင် ကားလ်၏ ကျောင်းသုံးစာအုပ်တချို့ တင်ထားပြီးပြီ။ စားပွဲပေါ်တွင်မူ လက်ထပ်မင်္ဂလာ ကိတ်မုန့်တစ်လုံး၊ ပန်းကန်နှစ်ချပ်နှင့် ဓားတစ်ချောင်း။ အင်နီသည် ကားလ် အား မော့ကြည့်သည်။ သူ့ မျက်လုံးအစုံသည် ဘလက်လက် တောက်ပနေ ကြသည်။

"ကားလ်ရယ်... ဒါတွေဟာ မောင် လုပ်ထားတာလား ဟင်"

"မဟုတ်ဘူး အင်နီ၊ အိမ်ရှင်မကြီးက မောင်တို့အတွက် လုပ်ပေးထား တာ။ အခန်းက အဆင်သင့်မဖြစ်သေးလို့ မောင်က သူ့ကို အကျိုးအကြောင်း သွားပြောတယ်။ သူက မောင်တို့ အခြေအနေကို သိသွားပြီး အခုလို လုပ်ပေး ထားတာပဲ" ဟု ရှင်းပြရင်း ဓားကို အင်နီ့ လက်ထဲ ထည့်ပေးသည်။ "ကိတ် မုန့်ကို မင်း လှီးရမှာ လှီးလေ"

"အင်နီ ကိတ်မုန့်လှီးနေတဲ့အခါမှာ မောင်က အင်နီ့လက်ကို ကိုင်ထား နော်။ လက်ထပ်ကိတ်မုန့် လှီးနေတဲ့အခါမှာ အဲသလိုလုပ်ကြတာကို ရုပ်ရှင် ကားတစ်ကားထဲမှာ အင်နီ ကြည့်ခဲ့ရဖူးတယ်"

ကားလ်က အင်နီ ခိုင်းသည့်အတိုင်း အင်နီ့လက်ကို အုပ်ကိုင်ပေးထား သည်။ အင်နီသည် ကိတ်မုန့်များကို တစ်ချပ်ပြီးတစ်ချပ် လှီးကာ ပန်းကန်ပြား ထဲ ထည့်သည်။ ထို့နောက် ကိတ်မုန့်များကိုစားကြသည်။ အင်နီသည်
mgyoe.com

mgyoe.com

ကိတ်မုန့်နှစ်ချပ်စားအပြီးတွင် သူ့လက်ချောင်းများကို ပါးစပ်ဖြင့် စုပ်လိုက်သည်။ ပြီးတော့ လက်သုတ်ပဝါ ရှာသည်။ ကားလ်က အင်နီ့လက်ကိုဆွဲ၍ သူ့ရှပ်အင်္ကျီရင်ဘတ်နှင့် သုတ်ပေးလေသည်။

"အဘွားကြီး နာမည်က ဘယ်သူလဲ" ဟု အင်နီက မေးသည်။

"အိမ်ရှင် အဘွားကြီးလား၊ မစ္စက်ဟာန်စ်မွန်တဲ့"

"ခဏနေဦးနော်၊ အင်နီ အခုပဲ ပြန်လာခဲ့မယ်"

ပြောပြောဆိုဆို အင်နီသည် မီးဖိုခန်းထဲဝင်သွားသည်။ "ကျွန်မ မစ္စက်ဟာန်စ်မွန်ကို ကျေးဇူးတင်ကြောင်း လာပြောတာပါ။ ကိတ်မုန့်လေးက သိပ်ကို လှတာပဲ။ အရသာလည်း ရှိတယ်။ ကျွန်မ တစ်သက်လုံး မမေ့ပါဘူး"

"အမယ်လေးကွယ်၊ ကိတ်မုန့်ပေါက်စနလေးအတွက်များ ရေးကြီးခွင်ကျယ်လုပ်လို့၊ အခန်းကိုကော မင်း သဘောကျရဲ့လား"

"သိပ်ကိုကောင်းတဲ့အခန်းပါ၊ မစ္စက်ဟာန်စ်မွန်အတွက် ကျွန်မ လုပ်ပေးနိုင်မယ့်ဟာ ရှိရင် ပြောပါ။ ကျွန်မ လုပ်..."

"အေးပါ၊ ရပါတယ်။ ကျေးဇူးလည်းတင်ပါတယ်မစ္စက်ဘရောင်းရယ်"

"ကျွန်မနဲ့ရင်းနှီးတဲ့လူတွေက ကျွန်မကို အင်နီလို့ခေါ်ရင် ပိုကြိုက်ပါတယ်ရှင်"

"မင်းဟာ သဘောကောင်းတဲ့ မိန်းကလေးတစ်ယောက်ပါလားကွယ်။ မင်း ရထားတဲ့ ယောကျ်ားကလည်း သဘောကောင်းတဲ့ လကင်္ခဏာပဲနော်"

အင်နီသည် တစ်ခဏမျှ ရပ်ကာ ငြိမ်ဆိတ်နေသည်။ သူသည် အင်္ဂလိပ်စကားပြောရာ၌ အချို့စကားလုံးများကို ပီပီသသ အသံမထွက်နိုင်။ ဤကြားထဲတွင် အိုင်းရစ်သွေးပါနေသဖြင့် အသံက ဝဲနေသည်။ ကားလ်ကတော့ သူ စကားပြောသည့်အခါတိုင်း အသံထွက်မှားနေလျှင် ဘေးမှနေ၍ ဝင်ပြင်ပေးတတ်သည်။ "သူ စကားပြောလျှင် လူစိမ်းတွေ နားမှလည်ကြပါ့မလား" ဟု သူ အမြဲတွေးကာ စိတ်ထဲတွင် စနိုးစနောင့် အမြဲ ဖြစ်ရ၏။

"မစ္စက်ဟာန်စ်မွန်ကို ကျွန်မ တစ်ခုမေးချင်တယ်။ ရမလား"

"ဩော်... အေး၊ ရပါတယ်" ဟု အိမ်ရှင် အဘွားကြီးက ရေရွတ်သည်။ "ဆိုပါဦး၊ မင်း ဘာမေးချင်တာလဲ"

"ကျွန်မ အခု စကားပြောနေတာတွေကို မစ္စက်ဟာန်စ်မွန် နားလည်ရဲ့လား ဟင်"

mgyoe.com

mgyoe.com

"ဩော် နားလည်ပါတယ်ကွယ်၊ မင်း ဘာပြုလို့ မေးတာလဲ"

"အင်နီ သိပ်ဝမ်းသာတာပဲ။ ကျေးဇူးလည်း သိပ်တင်တယ်" ဟု ပြောကာ အင်နီသည် အဘွားကြီးအနားမှ ပြေးထွက်သွားသည်။ မစ္စက်ဟာန်စ်မွန်သည် ငေးကြောင်ကြောင် မျက်နှာထားဖြင့် မျှော်ကြည့်ကျန်ရစ်ခဲ့လေ၏။

သူ အခန်းထဲ ဝင်သွားသည့်အခါ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသော ကားလ်ကိုမြင်သည်။ ကားလ်၏မျက်နှာသည် ကြည်ကြည်လင်လင်မရှိ။ ကားလ်သည် ခန်းဆီးများကို ချထားသည်။ အိပ်ရာကိုလည်း ခင်းထားသည်။ ညဝတ်အင်္ကျီနှင့် ဘောင်းဘီကိုလည်း အိပ်ရာ အစွန်၌ချထားသည်။ အင်နီက သူနှင့် အိမ်ရှင်မကြီး တွေ့ဆုံခဲ့ရပုံကို ကားလ်အား ပြောပြသည်။ ကားလ်ကတော့ စိတ်မဝင်စား။ သူ့ကို ပွေ့ဖက်ပြီး အငမ်းမရ နမ်းသည်။

"ခေါင်းထဲက မူးနောက်နောက် ဖြစ်နေတယ်" ဟု အင်နီက တိုးတိုးပြောသည်။

အင်နီ့ စကားကြားသည့်အခါ ကားလ်သည် စိတ်မကောင်း ဖြစ်သွားသည်။ အင်နီ့နဖူးကို စမ်းကြည့်သည်။ "တစ်နေကုန် လမ်းလျှောက်နေရတော့ ပင်ပန်းသွားတယ် ထင်ပါရဲ့" ဟု ရေရွတ်သည်။ "မောင် ရေသွားချိုးဦးမယ်။ မောင်ပြီးရင် မင်းချိုး။ ပြီးရင် တစ်ခါတည်း အိပ်ရာဝင်ပေါ့"

အင်နီ၏အပြုအမူပြောင်းနေသည်ကို သတိထားမိသော ကားလ်သည် ဘာကြောင့်များပါလိမ့်ဟု စဉ်းစားသည်။ ရုတ်တရက် ချက်ချင်းတော့ အဖြေမထွက်။ စီးကရက်တစ်လိပ်ဖွာပြီး အေးအေးဆေးဆေး ထိုင်၍ စဉ်းစားလိုက်ခါမှပင် အဖြေကို ရလာသည်။ သူသည် အိပ်ရာပေါ်၌ လှဲနေသော အင်နီအား လှမ်းကြည့်သည်။ "အိပ်တော့ အင်နီ၊ မောင် မင့်ကို မနှောင့်ယှက်ပါဘူး၊ စိတ်မပူပါနဲ့" ဟု ပြောသည်။

အိမ်ထောင်သည်ဘဝတွင် ရင်ဆိုင်ရမည့်အခက်အခဲများကို သူ အင်နီအား ပြောပြခဲ့မိ၏။ ကလေးစောစောစီးစီးရ၍ မဖြစ်သေးဟူသော စကားကိုပင် သုံးခဲ့မိ၏။ ပြီးတော့ ဒန်းပေါ်၌ထိုင်ခဲ့ကြစဉ်က သူသည် ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်း ဆက်ဆံပြုမူခဲ့မိ၏။ တကယ်တော့ ထိုအပြုအမူမျိုးသည် အတွေ့အကြုံရှိနေသော မိန်းကလေးတစ်ယောက်အဖို့ အရေးမကြီးသော်လည်း အင်နီလို ဘာမှမသိနားမလည်သေးသူ တစ်ဦးအဖို့တော့ ချောက်ချားစရာတစ်ခု ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။

mgyoe.com

mgyoe.com

ထိုခဏမှာပင် အင်နီအားပေးရန် သူဝယ်လာခဲ့သည့် မင်္ဂလာဦးလက်ဆောင်ပစ္စည်းကို သတိရသည်။ သူသည် ပစ္စည်းဘူးလေးကိုသွားယူပြီး မှန်တင်ခုံပေါ်၌ တင်ထားလိုက်သည်။ "မောင် မင်းဖို့ ပစ္စည်းလေးတစ်ခု ဝယ်လာတယ်၊ ပေးဖို့ သတိမရဘူး။ ဟိုပေါ်မှာ တင်ထားတယ်" ဟု လှမ်းပြောသည်။

အင်နီသည် အိပ်ရာပေါ်မှ ဆင်းကာ မှန်တင်ခုံဆီသို့ လျှောက်သွားပြီး ပစ္စည်းဘူးကလေးကို ယူ၍ ဖွင့်လိုက်သည်။ စိန်တုလေးများ စီခြယ်ထားသည့် နှလုံးသားပုံနှင့် ရွှေဆွဲကြိုးလေးတစ်ကုံး။ အင်နီက ကားလ်ဘက်လှည့်၍ မျက်နှာချင်းဆိုင်လိုက်သည်။

"သိပ်ကို လှတာပဲ။ အင်နီ့ကို မောင် ကိုယ်တိုင် ဆွဲပေးပါလား"

အင်နီက ကားလ်၏ပါးတစ်ဖက်ကို ခပ်ဖွဖွ နမ်းသည်။ ကားလ်က အင်နီ၏လက်ကိုဆွဲခေါ်ကာ တစ်နေရာ၌ ထိုင်ခိုင်းသည်။ "မောင် မင့်ကို ဘာမှ မလုပ်ပါဘူး။ စကားပြောစရာလေးတွေ ရှိလို့ပါ" ဟု ပြောသည်။

အင်နီက ပြုံးသည်။

"အင်နီ မှားသွားတယ်။ စောစောက မောင့်ကို ငွေမစုဘူးလို့ အင်နီ ပြောခဲ့မိတယ်။ တကယ်တော့ မောင်က အင်နီ့အတွက် ဒီရွှေဆွဲကြိုးကလေး ဝယ်ပေးဖို့ ငွေစုထားတာပဲ"

"မင်း မမှားပါဘူး အချစ်ရယ်၊ မယားတစ်ယောက်ပြောသင့်တဲ့ စကားကို ပြောတာပဲ။ မောင် စိတ်မဆိုးပါဘူး။ ဒါပေမဲ့ မောင် တစ်ခုတော့ ပြောထားရဦးမယ်။ တစ်ခါတလေကျရင် မောင်ဟာ ကြမ်းကြမ်းတမ်းတမ်း ဆက်ဆံမိချင် ဆက်ဆံမိလိမ့်မယ်။ အဲဒါဟာ တမင်လုပ်တာ မဟုတ်ပါဘူး"

"အင်နီ သိပါတယ်။ ဒါပေမဲ့ အင်နီက တအားကြီး ဖက်လားဆွဲလားလုပ်ရင် မကြိုက်ဘူး။ အဲသလိုမျိုးလုပ်ရင် လန့်တတ်တယ်။ ပြီးတော့ အင်နီဟာ ဘယ်ယောကျ်ားနဲ့မှ အတူတွဲပြီး အိပ်ခဲ့ဖူးတာ မဟုတ်ဘူး။ အဲဒီတော့"

"မောင်လည်း ဘယ်မိန်းမနဲ့မှ မအိပ်ခဲ့ဖူးပါဘူး အင်နီ။ မောင် ပြောတာယုံပါ။ လင်ရယ် မယားရယ်လို့ ဖြစ်လာရင် ဘယ်လိုနေရထိုင်ရမယ်ဆိုတာ မောင်လည်း သိပ်မသိပါဘူး။ မောင့်အသိက မင်းထက် နည်းနည်းလေးပဲ ပိုမှာပါ။ မောင်က အဲသလိုမျိုးဆိုတော့ တချို့လူတွေက မောင့်အပေါ်မှာ အမြင်တစ်မျိုးဖြစ်မှာတောင် စိုးရိမ်ရတယ်။ ဥပမာ ယောကျ်ား မပီသဘူး၊ လူစဉ်မမီဘူး စသည်ဖြင့် တွေးကြမှာ စိုးရတယ်"

mgyoe.com

mgyoe.com

အင်နီက ကားလ်ကို ဖက်ထားသည်။ "မောင် ပထမဆုံး တွေ့ခဲ့ဖူးတဲ့ မိန်းကလေး ဖြစ်ရတာမို့ အင်နီကတော့ ဝမ်းသာတယ်" ဟု ပြောသည်။

ကားလ်သည် ဖိုမ ဆက်ဆံရေး အကြောင်းကို သူနားလည်ထားသည့် အတိုင်း အေးအေးဆေးဆေး ရှင်းပြသည်။ နေ့ခင်းက ပင်ပန်းထားသည့်အရှိန် ကြောင့် ကားလ်ပြောပြသမျှကို နားထောင်နေသော အင်နီသည် အိပ်ပျော်သွား သည်။ ကားလ် ကိုယ်တိုင်မှာလည်း အိပ်တစ်ဝက် နိုးတစ်ဝက် ဖြစ်နေသည်။

တစ်နာရီခန့်အကြာတွင် အင်နီသည် လန့်နိုးလာသည်။ သူ့အား ဖက်၍ အိပ်ပျော်နေသော ကားလ်ကို လှုပ်နှိုးသည်။ "ထတော့ ကားလ်၊ အင်နီနဲ့ အတူ အိပ်ကြမယ်" ဟု ပြောသည်။

နှစ်ယောက်သား အိပ်ချင်မူးတူးဖြင့် အိပ်ရာဆီသို့ လျှောက်သွားကြ သည်။ ဒယိမ်းဒယိုင်ဖြစ်ကာ မျက်လုံးအစုံကို မှိတ်ထားသော ကားလ်အား အင်နီက ခါးကိုဖက်၍ မနိုင့်တနိုင်ဖြင့် တွဲခေါ်သွားနေခြင်းဖြစ်၏။ ကားလ်၏ ခြေထောက်များသည် ကြမ်းပေါ်တွင် တရွတ်ဆွဲလျက် ရှိလေသည်။

"အင်နီ မောင့်ကို မပြီး ခေါ်သွားရမလား"

"မခေါ်နဲ့၊ မောင်နိုးပြီ မောင့်ဘာသာ မောင် လျှောက်မယ်"

❖

mgyoe.com

mgyoe.com

# အခန်း [၃]

တနင်္ဂနွေနေ့ဖြစ်၍ ကားလ်သည် သတင်းစာမပို့ရပေ။ သို့သော်လည်း စားသောက်ဆိုင် အလုပ်ခွင်ကိုတော့ ဆင်းရသည်။ သူ အိမ်ပြန်ရောက်လာသည့် ဆယ်နာရီအချိန်တွင် အင်နီသည် အိပ်ပျော်နေဆဲ။ ကားလ်က အင်နီအား အနမ်းဖြင့် နှိုးသည်။ အင်နီ၏ နှုတ်မှ ကယောင်ကတမ်းဖြင့် "မေမေ" ဟူသော ခေါ်သံထွက်လာသည်။ ထို့နောက် ကားလ်ကို မြင်ခါမှ "အို...ကားလ်ပါလား" ဟု ရေရွတ်သည်။

"ဘာလဲ အင်နီ၊ မင်းဆီကို အာရပ်စော်ဘွားလေး ရောက်လာလိမ့်မယ်လို့ အိပ်မက်မက်နေသလား"

"မဟုတ်ပါဘူး။ ကိုယ့်ကိုယ်ကိုယ် အိမ်မှာအိပ်နေတယ်လို့ ထင်နေတာပါ"

ကားလ်သည် အင်နီ့အတွက် မနက်စာ ယူလာသည်။ ကော်ဖီတစ်အိုးနှင့် ရိုးလ်ကိတ်တစ်လုံး။ သူ့အိမ်တွင် သူ့အမေက အစားအသောက်ကို အိပ်ရာပေါ်၌ စားသောက်ခွင့်မပြုဟု အင်နီက ပြောပြသည်။ "မောင့်အမေကတော့ စားခွင့်ပြုတယ်။ အဲသလိုစားရင် ပိုပြီးအနားရတယ်လို့ သူက ထင်တယ်" ဟု ကားလ်က ပြန်ပြောသည်။ "အင်နီ့အမေကတော့ အိပ်ရာပေါ်ကို ပုရွက်ဆိတ်တွေ တက်လာမှာ စိုးတယ်" ဟု ပြန်ရှင်းသည်။

"မောင်ကတော့ အိပ်ရာပေါ်က ထွက်စားရတာကို သိပ်မုန်းတယ်" ဟု ဆိုသည်။

"ဘယ်ဟုတ်မလဲ၊ အဲဒါဟာ မောင့်အမေက မောင့်ကို ဖျက်ဆီးတာ၊

mgyoe.com

mgyoe.com

အင်နီကတော့ မောင့်ကို မဖျက်ဆီးချင်ဘူး"

"အေးပါကွာ၊ ဟုတ်ပါတယ်" ဟု ပြောကာ ကားလ်က အင်နီ့ ပါးကို နမ်းသည်။

နံနက်ဆယ့်တစ်နာရီတွင် ကားလ်သည် ဆိုင်သို့ ပြန်သွားရသည်။ နေ့လယ်စာ စားချိန်တွင် ဆိုင်၌ လူအလွန် 'ကျ'တတ်သည် မဟုတ်ပါလား။ သူ ဆိုင်မှပြန်လာသည့်အခါ အင်နီ့အတွက် နေ့လယ်စာအဖြစ် အသားညှပ် ပေါင်မုန့်နှင့် နွားနို့တစ်ပုလင်း။ ပြီးတော့ တနင်္ဂနွေ အထူးထုတ် သတင်းစာ တစ်စောင် ပါလာသည်။

သူ့ကို ကြည့်ရသည်မှာ ပင်ပန်းလာပုံရ၏။ အင်နီသည် ကုတ်အင်္ကျီကို ကိုယ်တိုင်ချွတ်ပေးသည်။ ကားလ်သည် လှုပ်ကုလားထိုင်ပေါ်တွင် ခြေပစ် လက်ပစ်ထိုင်ကာ လက်နှစ်ဖက်ကို ပေါင်ပေါ်မှ သတင်းစာပေါ် တင်ထား သည်။ "ဒီတစ်ပတ်တော့ တယ်ပြီး ပင်ပန်းတာပဲကွာ" ဟု ညည်းသည်။

အင်နီက သူ့ခြေထောက်များ အနီး၌ ထိုင်ကာ ဖိနပ်များကို ချွတ်ပေး သည်။ ထို့နောက် ပါးတစ်ဖက်ဖြင့် ဒူးခေါင်းတွင်အပ်ကာ ကားလ်၏ မျက်နှာ ကို ကြည့်သည်။ "မောင် မင်းကို သိပ်ချစ်တယ် အင်နီ" ဟု ကားလ်က ပြော သည်။ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်နေရသော ဤတဒင်္ဂ အချိန် ကလေးသည် သူတို့အတွက် စိတ်၏သာယာငြိမ်းချမ်းမှုကို ခံစားနေရသော အချိန်တစ်ခုပေတည်း။

သူတို့သည် သတင်းစာကို မဖတ်နိုင်ကြ။ ယနေ့သည် သူတို့၏ မင်္ဂလာဦးခရီး၏ နောက်ဆုံးရက်ဖြစ်၍ ပြောစရာ ဆိုစရာတွေကိုက များနေ သည်။ ကားလ်က သီတင်းတစ်ပတ်တွင် သူ လုပ်ရမည့်အလုပ်များနှင့် သူ တက်ရမည့် အတန်းများအကြောင်းကို ရှင်းပြသည်။ မနက်ဆိုလျှင် အိမ်မှ ခြောက်နာရီ ထွက်ရမည်။ ညကျလျှင် ရှစ်နာရီထိုးမှ အိမ်ပြန်ရောက်မည်။ ပြီးလျှင် အိမ်မှာ ထိုင်၍ စာကျက်ရမည်။ "အဲဒီတော့ မင်း မောင့်ကို မမြင်ရ မတွေ့ရတဲ့ အချိန်က များလိမ့်မယ် အင်နီ" ဟု ကားလ်က ပြောသည်။

"ရပါတယ်။ မောင် ဒီကမ္ဘာလေးထဲမှာ အဲသလို လည်နေရတယ်ဆို တာ အင်နီ အစကတည်းက သိပြီးသားပဲ"

"မင့်အမေကို မလွမ်းဘူးလား အင်နီ" ဟု ကားလ်က စိတ်ဝင်တစား မေးသည်။

mgyoe.com

mgyoe.com

"အင်း… လွမ်းတာထက် စိတ်ပူတာက ပိုနေတယ်။ မောင်နဲ့ လက်ထပ်လိုက်ပြီဆိုတာ သိရင် သူ ဘယ်လိုဖြစ်ပြီး ဘာတွေပြောမလဲဆိုတာ စိတ်ပူနေရတယ်"

"မင့်ပထွေးကိုရော မလွမ်းဘူးလား"

"ဘာပြုလို့ လွမ်းရမှာလဲ၊ မလွမ်းဘူး"

အင်နီ၏ လေသံသည် မာဆတ်ဆတ်နိုင်လွန်းလှသဖြင့် နောက်ထပ်မမေးရဲတော့ပေ။

"မင့်မောင်လေးတွေကိုရော"

"သိပ် လွမ်းတယ်။ တနင်္ဂနွေနေ့တွေဆိုရင် အင်နီက သူတို့ကို ရုပ်ရှင်ပြနေကျ။ အင်နီ အဝေးကြီးကိုထွက်သွားပြီလို့ အမေကပြောရင် သူတို့ ငိုနေကြမလား မပြောတတ်ဘူး"

"ကိစ္စမရှိဘူး။ စိတ်မပူနဲ့ ဘုရင်ခံအိမ်တော်မှာနေမှ သူတို့ကို မောင်တို့အိမ် ခေါ်ထားမယ်"

"မောင် ဘုရင်ခံဖြစ်မယ်ဆိုတာ တကယ်ပြောနေတာလားဟင်"

"တကယ်ပေါ့၊ ဘာကြောင့်မဖြစ်ရမှာလဲ။ ဒီနိုင်ငံမှာ လွတ်လပ်စွာစိတ်ကူးယဉ်ခွင့် ရှိတယ်။ အိပ်မက်ထဲမှာ မင့်အနေနဲ့ ပိုးတွေ၊ ကတ္တီပါစတွေဝယ်ဝတ်လို့ရတယ်။ မောင်လည်း မင်းအတွက် စိန်တွေဝယ်ပေးလို့ရတယ်"

ထိုညတွင် ကားလ်သည် အင်နီအား ကောလိပ်ဝင်းထဲမှ စားသောက်ဆိုင်သို့ ခေါ်သွားပြီး ညစာကျွေးသည်။ ဆိုင်မှာ ရှည်ရှည်လျားလျားဖြစ်၍ မျက်နှာစာကို မှန်အလုံ ကာထားသည်။ ဆိုင်ထဲတွင် နောက်ဖေးဘက် တစ်နေရာမှ လွဲ၍ မှောင်ချထားသည်။ ထောင်းထောင်းထနေသော အခိုးအငွေ့များကို မြင်ရုံမျှဖြင့် အစားအစာ အဆင်သင့်ရနေပြီဖြစ်ကြောင်း သိသာသည်။ အဖြူရောင် တူညီဝတ်စုံဖြင့် စားပွဲထိုးမိန်းကလေးများသည် ကောင်တာတွင် အသင့်ရပ်နေကြလေသည်။

"အထဲဝင် ထိုင်ကြရအောင်" ဟု ကားလ်က ပြောသည်။ "လူတွေအများကြီးမလာခင် မောင်တို့ စားထားကြရင် ကောင်းမယ်"

အဖြူရောင်ဝတ်စုံဝတ်ထားသည့် စားဖိုမှူးသည် စားပွဲငယ်တစ်လုံးတွင် တစ်ယောက်တည်းထိုင်ကာ စွပ်ပြုတ်သောက်နေသည်။ ကားလ်က အင်နီနှင့် မိတ်ဆက်ပေးသည်။ "မစ္စတာ ဖီးလစ်က ဟော်လန်က" ဟု ကားလ်က

mgyoe.com

mgyoe.com
ပြောသည်။

မစ္စတာ ဖီးလစ်သည် ကပျာကယာ ထရပ်ကာ ခေါင်းမှ ဦးထုပ်ကို ချွတ်လိုက်သည်။ သူ့ဆံပင်သည် ဖွေးဖွေးလှုပ်နေသည်။ လှိုင်းတွန့်လေးများ ထနေသည့် လှပသော ဆံပင်ပိုင်ရှင် ဖြစ်၏။ တိုနံ့နံ့ မုတ်ဆိတ်မွေးသည် လည်း အဖြူရောင်ပင် ဖြစ်သည်။ သူသည် အင်နီ၏လက်ကိုဆွဲကာ ဦးညွှတ် ၍ နှုတ်ဆက်သည်။ "ကျွန်တော့်မှာလည်း ခင်ဗျားနဲ့တူတဲ့ ချစ်သူရှိတယ်" ဟု ပြောသည်။ "သူက အခု ရှီကာဂိုမြို့မှာ လက်ဖက်ရည်ဆိုင်တစ်ဆိုင် ဖွင့်ထားတယ်။ ကျွန်တော်တို့ လက်ထပ်ဖို့ ငွေစုနေကြတုန်းပါ။ ပြီးရင်တော့ ဟော်လန်ကိုပြန်ပြီး ကောင်းကောင်းနေကြမယ်လို့ စီစဉ်ထားပါတယ်"

"ကြားရတာ ဝမ်းသာပါတယ်ရှင်" ဟု အင်နီက ပြန်ပြောသည်။ "ကျွန်မတို့ကြောင့် ရပ်နေရတာ မကောင်းပါဘူး။ စွပ်ပြုတ်တွေ အေးကုန်ပါ လိမ့်မယ်"

"မင့်မိန်းကလေးက လူ့နှလုံးသား ရှိတယ်ဟ"ဟု ဖီးလစ်က ကားလ်ကို လှမ်းပြောသည်။ "ကဲ အင်နီဘရောင်း၊ ဒီမှာ ထိုင်ပြီး စွပ်ပြုတ် သောက်ပါ လား"

ပြောပြောဆိုဆို ဖီးလစ်က ကုလားထိုင်တစ်လုံး ဆွဲထုတ်ပေးသည်။ အင်နီသည် ကားလ်၏မျက်နှာကို မော့ကြည့်သည်။ "ကဲ ကိုယ်စွပ်ပြုတ် သွားယူလိုက်ဦးမယ်"ဟု ဖီးလစ်က ပြောကာ မီးဖိုဘက်သို့ ထွက်သွားသည်။

"ဘယ်လိုလဲ ကားလ်၊ သူက ကားလ်ကိုတော့ စွပ်ပြုတ်သောက်ဖို့ မခေါ်ဘူးနော်"

"မောင်တို့ စားပွဲထိုးတွေက စားဖိုမှူးနဲ့ ဘယ်တော့မှ အတူတွဲထိုင်ပြီး စားလေ့ မရှိဘူး။ အဲဒါကြောင့် မခေါ်တာ"

မစ္စတာ ဖီးလစ်သည် စွပ်ပြုတ်တစ်ပန်းကန်နှင့် ပြန်ရောက်လာသည်။ ကားလ်သည် အင်နီအား ထားခဲ့ပြီး ထွက်ခွာသွားသည်။ "ကိုယ်က တစ်နေ့ လုံး ဟင်းတွေပဲ မြည်းနေရတာဆိုတော့ ညစာ စားရင် စွပ်ပြုတ်ပဲ သောက် တယ်" ဟု ဖီးလစ်က ရှင်းပြသည်။

"ဒါကြောင့် ထင်ပါရဲ့၊ ရှင့်ပါးတွေဟာ ပန်းရောင်သန်းပြီး ကြည့်လို့ ကောင်းတယ်"

"မင့်ပါးတွေလောက်တော့ မလှပါဘူး"

mgyoe.com

mgyoe.com

ဖိုးလစ်သည် အင်နီ စွပ်ပြုတ်ကို ဇွန်းနှင့်ခပ်၍ မသောက်မချင်း စောင့်ကြည့်နေသည်။ အင်နီက တစ်ဇွန်းမျှ ခပ်သောက်အပြီးတွင် "မင်း ကြိုက်ရဲ့လား" ဟု မေးသည်။ "အဲဒါ လိပ်သားနဲ့ ပြုတ်ထားတာ၊ ရှယ်ရီဝိုင်အရက်လည်း ပါတယ်"

"အရသာတော့ သိပ်ရှိတာပဲ"

"လိပ်သားနဲ့ ပြုတ်ထားတာကို မင်းက ဂရုမစိုက်ဘူးဆိုတော့ မင်းဟာ ဟိုအကြောင်း ဒီအကြောင်းတွေကို တော်တော် နားလည်ပုံရတယ်"

ဖိုးလစ်သည် သူ့စကားသူ အလွန်သဘောကျသွားသည့်နှယ် တဟားဟား အော်ရယ်သည်။ "ပြီးတော့ နောက်ဖေးခန်းထဲမှာ မြက်အစိုတွေ ထည့်ထားတဲ့ သေတ္တာတစ်လုံးရှိတယ်။ ယင်ကောင်တွေ ထောင်ဖမ်းထားတာ။ မွေးထားတဲ့ လိပ်တွေကို ကျွေးဖို့ပေါ့" ဟု ပြောသည်။

"ဟင် ယင်ကောင်တွေ ကျွေးတယ် ဟုတ်လား" ဟု အင်နီက ရေရွတ်ကာ လက်ထဲမှ ဇွန်းကို လွှတ်ချလိုက်သည်။

"ကိုယ်မွေးထားတဲ့ လိပ်တွေက ယင်ကောင်တွေ စားနေတာကို ကြည့်မလား" ဟု ဖိုးလစ်က မေးသည်။ သူသည် နောက်တစ်ကြိမ် ထပ်၍ အော်ရယ်ပြန်သည်။ "ကဲလေ၊ စွပ်ပြုတ်သောက်မှာဖြင့် ဆက်သောက် အဲဒီထဲမှာ ကလေးတွေ ရှိတယ်"

"ဘာလဲ၊ လိပ်ကလေးတွေပါ ထည့်ပြုတ်ထားတာလား" ဟု အင်နီက အလန့်တကြား ပြန်မေးသည်။

"မဟုတ်ဘူး"ဟု ဖြေကာ ဖိုးလစ်က ဘေးပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်သည်။ ထို့နောက် အသံကို တိုး၍ နှစ်ကိုယ်ကြားလေသံဖြင့် ပြောသည်။ "ဒါပေမဲ့ အဲဒီထဲမှာ ကလေးတွေ အများကြီးရနိုင်တဲ့ဓာတ်တွေ ပါတယ်"

"အို"

အင်နီက အမှတ်တမဲ့ရေရွတ်ကာ ကားလ် ထွက်သွားရာဘက်သို့ လှမ်းကြည့်သည်။ အဖြူရောင်ဂျက်ကက်ဝတ်ထားပြီးဖြစ်သည့် ကားလ်သည် ကောင်တာမှမိန်းကလေးများပြောနေသော အတင်းအဖျင်းစကားများ ကြားနေရ၏။ သူတို့ပြောနေကြသည့်အထဲတွင် စားဖိုမှူး 'နှာဘူး' ကျသည့် အကြောင်းများ ပါလာသည်ကို သူ သတိထားမိသည်။ သူသည် အင်နီရှိရာသို့ အပြေးအလွှား ပြန်ရောက်လာသည်။ "ကျွန်တော်ရဲ့ဇနီးကလေးကို ခေါ်သွားတော့

mgyoe.com

မယ် မစ္စတာဖီးလစ်" ဟု ပြောသည်။

မစ္စတာဖီးလစ်သည် ကားလ်က နှုတ်ဆက်သည်ကိုလည်း ဘာမှ ပြန်မပြော။ သူတို့ထွက်ခွာသွားသည်ကိုပင် မော့မကြည့်။ ကားလ်သည် အင်နီအား တစ်နေရာသို့ ခေါ်သွားပြီး မစ္စတာ ဖီးလစ်က ဘာတွေပြောသလဲဟု မေးသည်။ အင်နီကပြောပြသည့်အခါ ကားလ်သည် ရှုံ့ရှုံ့ရှားရှား ဖြစ်လာသည်။ မစ္စတာဖီးလစ်ရှိရာ မီးဖိုခန်းဘက်သို့ သွားရန် ဟန်ပြင်သည်။ အင်နီက အတင်း ဆွဲထားသည်။

"သူ့ဆီသွားပြီး ဘာလုပ်မလို့လဲ"

"သူနဲ့ အပြတ်ရှင်းမလို့"

"မရှင်းနဲ့၊ မောင် အလုပ်ပြုတ်သွားမှာပေါ့။ တကယ်လို့ မောင်က ကိုယ်ထိလက်ရောက်သွားလုပ်ရင် ကောလိပ်ကျောင်း အာဏာပိုင်တွေဆီ တိုင်ချင်တိုင်မှာ။ တော်တော်ကြာ ကျောင်းက ထုတ်တဲ့အထိ အရေးယူခံရရင် ဘယ့်နှယ်လုပ်မလဲ"

အင်နီကတော့ စိတ်ပူသည်။ ကားလ်က လက်ထပ်တော့မည်ဟု ဥပဒေဌာနမှူးထံတင်ပြခဲ့စဉ်က ဌာနမှူးက သဘောမတူဟု ကားလ်ထံမှ သူ သိထားခဲ့သည် မဟုတ်ပါလား။ ယင်းအခြေအနေတွင် ကားလ်ဘက်က အမှားတစ်ခု ပြုလိုက်ပါမူ ပြဿနာကြီးသွားမည်ကို သူ စိုးရိမ်သည်။

"ဒေါသ ဖြစ်မနေပါနဲ့တော့ ကားလ်ရယ်" ဟု အင်နီက ပြောသည်။ "အခုကိစ္စမှာ အင်နီ့အပြစ်လည်း ပါချင်ပါမှာ။ မေမေက အင်နီ့ကို ပြောဖူးတယ်။ ညည်းဟာ လူစိမ်းတွေနဲ့ အရောတဝင် သိပ်နေလွန်းတယ်တဲ့"

"ဟာ မဟုတ်သေးဘူး အင်နီ၊ အဲဒါကျတော့ မင့်အမေ မှားတယ်။ မင်းက လူတွေကို ခင်တတ်တယ်၊ သဘောလည်း ကောင်းတယ်၊ စိတ်နေစိတ်ထား အဆင့်အတန်းမမြင့်တဲ့ လူတွေနဲ့ကျတော့ မင်း သဘောကောင်းတာကို အခွင့်ကောင်းယူကြတာပေါ့"

စားသောက်ဆိုင် ဖွင့်ချိန် နီးလာပြီဖြစ်၍ သူတို့သည် ညစာကို ကပျာကယာ စားကြမှ ဖြစ်တော့မည်။ သူတို့သည် လင်ပန်းကိုယ်စီကိုင်ကာ ကောင်တာ၏တစ်ဖက်သို့ သွားကြသည်။ ကားလ်က သူ အခင်ဆုံး မိတ်ဆွေနှင့် အင်နီကို မိတ်ဆက်ပေးသည်။ သူ့မိတ်ဆွေမှာ ကော်ဖီဖျော် တာဝန်ယူထားရသူဖြစ်၏။ အသက်မှာ လေးဆယ်ကျော် ငါးဆယ်တွင်း အရွယ် မျက်နှာ

mgyoe.com

mgyoe.com

က ချိုသာသည်။ ပိုလန်နိုင်ငံသူဖြစ်၍ နာမည်က မစ္စက်ရီဒင်စကီး။ သူမသည် ကားလ်ကို အလွန်ခင်သူ ဖြစ်သည်။

"မင်းက ငါ့ကို ရှောင်ပြီး တခြားတစ်ယောက်နဲ့ လက်ထပ်သွားတယ်။ မင်းပြောတော့ ငါ့အပေါ်မှာ သစ္စာရှိပါ့မယ်ဆို" ဟု မစ္စက်ရီဒင်စကီးက ဝမ်းနည်းကြေကွဲဟန်ဖြင့် ပြောသည်။

"သူ့အမေက ကျွန်တော့်ကို သေနတ်နဲ့ချိန်ပြီး လက်ထပ်ခိုင်းနေတော့ ကျွန်တော် ဘာမှ မတတ်နိုင်တော့ဘူးလေ"

"ရူးကြောင်ကြောင် စကားတွေ ပြောမနေပါနဲ့။ သူ့ကိုက သိပ်ချော သိပ်လှနေတော့ မင်းကြွေတာပေါ့"

"ဒါပေါ့လေ၊ သူကတော့ သူ့ကိုယ်သူ ခင်ဗျားပြောသလိုပဲ ထင်ပေမပေါ့"

အင်နီက ပြုံးရယ်ကာ ကြားမှ ဝင်ပြောသည်။ "သူပြောတဲ့ စကားတွေကို မယုံပါနဲ့ မစ္စက်ရီဒင်စကီး"

"မင်း သတိပေးတာ နောက်ကျနေပြီ အင်နီ။ ကိုယ် သူ့အကြောင်း သိခဲ့တာ ကြာလှပြီ" ဟု မစ္စက်ရီဒင်စကီးက ပြောသည်။ "ဒါပေမဲ့ မင်း သတိထား။ သူ ကိုယ့်နှလုံးသားကို ကြေကွဲအောင် လုပ်သလို မင်းကိုလည်း လုပ်လိမ့်မယ် သတိထား"

ငွေလက်ခံကောင်တာရှေ့အရောက်တွင် ကားလ်သည် နှစ်ဆယ့်ငါးဆင့်ပြားတစ်ပြားကို ထုတ်၍ အင်နီအတွက် ညစာဖိုး ရှင်းပေးသည်။

"သူ့အတွက် ကျွန်မ ပေးမယ်" ဟု ငွေကိုင်က ပြောသည်။ "ရှင်တို့အတွက် ကျွန်မ ဝမ်းသာပါတယ်"

ကားလ်က ကျေးဇူးတင်စကား ပြန်ပြောကာ ထောင့်တစ်ထောင့်ရှိ နှစ်ယောက်ထိုင် စားပွဲကလေးဆီသို့ အင်နီအား ခေါ်သွားပြီး နေရာယူသည်။ "လောကကြီးမှာ တချို့ လူတွေဟာ သဘောမနော ကောင်းကြပါတယ်။ အားငယ်စရာ မရှိပါဘူး" ဟုလည်း ပြောသည်။

သူတို့သည် ညစာကို ငြိမ်ဆိတ်စွာ စားနေကြသည်။ နှစ်ဦးစလုံး ဆာလောင်နေကြသဖြင့် စကားပင် မပြောနိုင်ကြ။ ကော်ဖီခွက်ကို အင်နီ ကိုင်ခါမှပင် ကားလ်က "ကော်ဖီ သိပ်ကောင်းတယ် သောက်၊ အဲဒီထဲမှာ ကလေးတွေ အများကြီး ရနိုင်တဲ့ ဓာတ်တွေပါတယ်" ဟု ပြောသည်။ အင်နီ

mgyoe.com

mgyoe.com
သည် ဟက်ဟက်ပက်ပက် ရယ်လိုက်မိ၏။ ကောင်တာမှ မိန်းကလေးများနှင့် စားပွဲထိုးလူငယ်များက သူတို့အား လှမ်းကြည့်ပြီး ပြုံးနေကြသည်။

ရုတ်တရက် ချက်ချင်း မီးအားလုံး လင်းလာသည်။ တံခါးများ ဖွင့်လိုက်ကြသည်။ အပြင်မှလူများသည် တိုးဝှေ့ဝင်ရောက်လာကြသည်။ စက္ကန့်ပိုင်းအတွင်းမှာပင် မြွေလိမ်မြွေကောက် ချခင်းထားသည့် စားပွဲများတွင် လူများဖြင့် ပြည့်သွားသည်။ ငွေပေးကောင်တာမှ ငွေထည့်အံဆွဲ ဖွင့်သံ ပိတ်သံများကြားလာရ၏။ မီးဖိုချောင်ထဲတွင်လည်း ပန်းကန်ဆေးသူများသည် အဆက်မပြတ် ဆေးကြောနေကြရပြီဖြစ်ရာ ရေသံနှင့် ပန်းကန်သံများ ကြားနေရသည်။

"ဘယ်မှ မသွားနဲ့နော် အင်နီ" ဟု ကားလ်က လှမ်းပြောကာ အလုပ်ခွင်သို့ဝင်ရောက်သွားသည်။ အင်နီသည် ရော်ဘာဘီးတပ်တွန်းလှည်းကလေးဖြင့် စားပွဲများဆီသို့သွားကာ ပန်းကန်များကို လိုက်သိမ်းနေသည့် ကားလ်အားနှစ်နာရီကြာမျှ ထိုင်ကြည့်နေရ၏။ ကားလ်သည် စားပွဲပေါ်မှ ပလတ်စတစ်ကော်ဖီခွက်များကို အမှိုက်ပုံးထဲထည့်သည်။ ပေရေနေသောပန်းကန်များကိုလည်းပေါ်တင်သည်။ ပြီးတော့ ညစ်ပတ်နေသော စားပွဲကို ခြောက်သွေ့သောအဝတ်တစ်ခုဖြင့် သုတ်ပေးသည်။

သူ့ မျက်နှာပေါ်တွင် မည်သည့် ခံစားမှုကိုမှ မမြင်ရ။ ယခုအချိန်တွင်လက်ထပ်ပြီးစ ကားလ်ဘရောင်း မဟုတ်တော့။ ဥပဒေ ကျောင်းသား တစ်ယောက်လည်း မဟုတ်တော့။ သူသည် ဝမ်းရေးအတွက် အလုပ် လုပ်နေကြသည့် အလုပ်သမားလူငယ်ငါးဦးထဲမှ တစ်ဦးမျှသာ ဖြစ်သွားလေပြီ။

*

အင်နီသည် အိပ်ရာပေါ် ပြန်လှဲကာ ကားလ်ရေးထားခဲ့သည့် စာတိုကလေးကို ဖတ်သည်။

ချစ်သော မစ္စက်ဘရောင်း

အံ့စရာ ကောင်းလောက်အောင် ထူးခြားတဲ့ မယားတစ်ယောက်ဖြစ်နေတာ တွေ့ရလို့ မင့်ကို ချီးကျူးပါတယ်။ ကိုယ့်ကို လက်ထပ်ချင်နေကြတဲ့ မိန်းမပေါင်း တစ်သန်းနဲ့ သုံးယောက်ထဲက မင့်ကိုမှ ရွေးခဲ့မိတာဟာ ကိုယ် သိပ်

mgyoe.com

mgyoe.com

အမြော်အမြင်ကြီးလို့သာ ဖြစ်ရမယ်။

ဒီမနက်တော့ မင်း နည်းနည်း စိတ်ရှုပ်ရလိမ့်မယ်၊ ကိုယ် ပြန်အရောက်ကို အချိန်တော်တော်ကြာ စောင့်ရလိမ့်မယ်။ ညှ ရှစ်နာရီထိုးကျရင် လမ်းထိပ်အထိထွက်ကြိုပါ။ ကိုယ် မင်းနဲ့တွဲပြီး အိမ်ပြန်ချင်လို့ပါ အချစ်ရယ်–

မင်းရဲ့အချစ်
ကားလ်ဘရောင်း

အင်နီသည် စာ ဆုံးသွားသည့်အခါ ပြုံးမိသည်။ နောက်တစ်ခေါက် ထပ်ဖတ်မိပြန်သည်။ ထိုအခါကျမှပင် သူ့အမေထံ စာရေးဖို့ သတိရသည်။ သူ့အမေထံ စာ မရေးလို့ကတော့ မဖြစ်။ သူသည် စာတစ်စောင် ကောက် ရေးသည်။ စဉ်းစားလိုက် တွေးလိုက် ရေးလိုက်နှင့် မနက်စာပင် မစားနိုင်။ ကြာတော့လည်း တစ်ခေါင်းလုံးအုံခဲလာသည်။ သူသည် စာကို ကပျာကယာ အဆုံးသတ်သည်။

ဖရက်ဒီနှင့် တော်မီတို့အတွက် ငွေ တစ်ဒေါ်လာ ထည့်ပေးလိုက်ပါ တယ်။ သူတို့ကို သမီးက လွမ်းနေတယ်လို့ ပြောပြပေးပါ။ သမီး မေမေ့ကို ချစ်ပါတယ် မေမေ။ မေမေကလည်း သမီးကို ချစ်ပါ၊ ဘာ့ကြောင့်လဲဆို တော့ သမီးဟာ မေမေ ပထမဆုံး မွေးတဲ့ကလေး မဟုတ်လား။ အခုလို သမီး ထွက်ပြေးလာပေမဲ့ သမီးကိုတော့ မေမေ ချစ်ရမှာပဲ။

တက္ကသိုလ်ကျောင်းဆီမှ နာရီထိုးသံ ကြားရသည်။ ငါ့မှာ နာရီတစ်လုံး တော့ ရှိမှဖြစ်မယ်ဟု အင်နီက တွေးသည်။ နာရီမရှိ၍ အချိန်ကို အတိအကျ မသိရလျှင် အလုပ်လုပ်ရာ၌ အဆင်ပြေလိမ့်မည်မဟုတ်။

သူသည် သတင်းစာကိုယူ၍ 'အမျိုးသမီး အလိုရှိသည်' ဟူသော ကြော်ငြာကဏ္ဍကို ကြည့်သည်။ အများဆုံးတွေ့ရသည်မှာ 'အမှုကိစ္စလုပ်ရန် နှင့် ကလေးထိန်းရန်' ကြော်ငြာများ ဖြစ်သည်။ 'ရုံး၀န်ထမ်းအမျိုးသမီး အလိုရှိ သည်' ဟူသော ကြော်ငြာမှာ နည်းနည်းသာပါသည်။ ကြော်ငြာတစ်ခုတွင် 'အမျိုးသမီး အချိန်ပိုင်း ရုံးလုပ်ငန်းတာ၀န်၊ အလိုရှိသည်' ဟု ဖော်ပြထားသည်။

သူသည် စားသောက်ခန်းကလေးထဲ၌ထိုင်၍ မနက်စာစားရင်း ထောင့် တစ်ထောင့်၌ တင်ထားသည့် ဖုန်းဖြင့် ကြော်ငြာပါ လိပ်စာဆီသို့ ဆက်သည်။

mgyoe.com

mgyoe.com

တယ်လီဖုန်း ကိုင်သူမှာ အမျိုးသမီးကြီးတစ်ဦး။

"လက်ရေးတို တတ်သလား"

"မတတ်ဘူးရှင့်၊ ဒါပေမဲ့..."

"လက်နှိပ်စက် ရိုက်တတ်သလား"

"မတတ်ဘူးရှင့်၊ ဒါပေမဲ့ ကျွန်မ သင်လို့ ရပါတယ်။ သင်ရင် ကျွန်မက သိပ်တတ်လွယ်ပါတယ်"

တစ်ဖက်မှ တယ်လီဖုန်း ဝှမ်ခနဲ ပြန်ချသံကို ကြားရသည်။ အင်နီသည် ဘဏ္ဍာတိုက်ကလင်းဘဏ်သို့ သူ စုထားသည့်ငွေကို လွှဲပြောင်းပေးရန် စာတစ်စောင်ရေးသည်။ ထို့နောက် မြို့ထဲသို့သွား၍ 'ကျောင်းသား၏ဇနီး၊ ရုံးအလုပ် လုပ်လိုသည်' ဟူသော ကြော်ငြာကို သတင်းစာတွင်ထည့်သည်။ အိမ်ရှင် မစ္စက်ဟာန်စ်မွန်၏ ဖုန်းနံပါတ်ကို ပေးခဲ့သည်။

ဆယ်ဆင့် စတိုးဆိုင်တစ်ဆိုင်သို့ ဝင်၍ ကားလ်အတွက် ဆေးလိပ်ပြာခွက်တစ်ခွက် ဝယ်သည်။ နေ့လယ်စာကို ထိုဆိုင်မှာပင် စားသည်။ ဆယ်ဆင့်စတိုးဆိုင်မှ အစားအစာသည် ဘဏ္ဍာတိုက်ကလင်းက သူ စားနေကျဆယ်ဆင့်စတိုးဆိုင်က အတိုင်းပင် ဖြစ်သည်။ ပါးပါးလှီးထားသည့် ကြက်ဆင်သား၊ အာလူးပြုတ်ထောင်းပေါ်တွင် ဟင်းရည်ဆမ်းထားသည်။ ပြီးတော့ ကော်ဖီပူပူတစ်ခွက်။

အင်နီအဖို့ ဘဏ္ဍာတိုက်ကလင်း၌ နေ့လယ်စား စားနေရသလိုပင် ခံစားနေရသည်။ သို့သော်လည်း ဆိုင်ထဲမှလူတွေ၏ စကားပြောသံများမှာမူ ခြားနားသည်။ ဘဏ္ဍာတိုက်ကလင်းက လူတွေ စကားပြောသလို မဟုတ်။ သူ့နားထဲတွင် အားလုံး ဝဲတဲတဲ။

သူသည် စားပွဲထိုးအား ငါးဆင့်ပြား တစ်ပြား မုန့်ဖိုးပေးသည်။ သူ့အမေကတော့ စားပွဲထိုး မုန့်ဖိုးပေးခြင်းကို ဆန့်ကျင်သည်။ အင်နီ မုန့်ဖိုးပေးသည်ကို မြင်လျှင် ကြွားချင်လို့လုပ်တာဟု စွပ်စွဲသည်။ ကားလ်ကလည်း မုန့်ဖိုးပေးခြင်းကိုမကြိုက်။ အပေးခံရသည့်လူတွင် ဂုဏ်သိက္ခာကင်းမဲ့စေသည်ဟု ပြောသည်။ သို့သော်လည်း အင်နီကတော့ သူ့မူနှင့်သူ ဖြစ်သည်။ မုန့်ဖိုးပေးရခြင်းသည် သူ့အတွက် ထည်ဝါခံ့ညားသော စိတ်ခံစားမှုကိုရရှိသည်ဟု ထင်သည်။ ထိုခံစားမှုသည် ဆယ်ဆင့် တစ်ပြားမက အဖိုးထိုက်တန်သည်ဟု ယူဆသည်။

mgyoe.com

mgyoe.com

သူတို့က ငွေကို အလဟဿ ဖြုန်းတီးသည့် အလုပ်ဟု ပြောကြသည်။ သူကတော့ ထိုကဲ့သို့မတွက်။ ပီကေတစ်ထုပ် ဝယ်စားမည်ဆိုပါက ဆယ်ဆင့်ပဲ ပေးရမည်မဟုတ်ပါလော။ သို့ဖြစ်ရာ ပီကေတစ်ထုပ်စားဖို့ ကုန်ကျခြင်းသည် ဖြုန်းတီးရာမကျ။ အင်နီသည် သူ့အတွေးသူ သဘောကျကာ ပြုံးနေမိ၏။ ကောင်တာနောက်မှ အသက်ခပ်ကြီးကြီး မိန်းမကြီးက သူ့အား လှမ်းကြည့်ပြီး ပြုံးပြသည်။ အနောက်အလယ်ပိုင်းဒေသမှ လူများသည် ဖော်ရွေကြလိမ့်မည်ဟု အင်နီ တွေးမိသည်။

သူသည် စတိုးဆိုင်တစ်ဆိုင်သို့ဝင်ကာ စားပွဲတင်နာရီတစ်လုံး ဝယ်သည်။ "ကျွန်မ ဈေးချိုချိုနဲ့ နှိုးစက်ပါတဲ့ စားပွဲတင်နာရီတစ်လုံး လိုချင်တယ်" ဟု ပြောသည်။

"ကျွန်တော်တို့ဆိုင်မှာ ဈေးအပေါဆုံး ကိုးဆယ့်ရှစ်ဆင့်တန်ပဲ ရှိတယ်" ဟု အရောင်းစာရေးကပြောကာ ကတ်ဘူးတစ်ဘူးထဲမှ နာရီတစ်လုံးကို ထုတ်ယူပြီး သံပတ်ပေးသည်။ အချိန်တိုက်သည်။ ကောင်တာပေါ် ချပြသည်။ "သူ့ထက် ကောင်းတာတွေလည်း ရှိတယ်၊ ဈေးတော့ နည်းနည်းပိုတယ်" ဟု စာရေးက ထပ်ပြောကာ နာရီတစ်လုံးထုတ်ယူပြီး ချပြပြန် သည်။ "ဒီနာရီကျတော့ စက်သံကို လုံးဝ မကြားရဘူး" ဟု ပြောသည်။

"စက်သံ ကြားနေရတာက ပိုကောင်းပါတယ်။ ကျွန်မ ကိုးဆယ့်ရှစ်ဆင့်တန်ပဲ ယူမယ်" ဟု အင်နီက ပြောသည်။

"ဒါတော့ ခင်ဗျားသဘောပဲ" ဟု စာရေးက ပခုံးများကို တွန့်၍ ပြောသည်။

"ကျွန်မက နာရီစက်သံကို ကျယ်ကျယ်ကြားရလေ ကြိုက်လေပဲ။ နာရီကို ဘူးနဲ့ထည့်ပေးနော်"

အင်နီသည် နာရီကို ရင်၌အပ်ကာ လမ်းမဘေးအတိုင်း လျှောက်လာသည်။ သူ့ခြေလှမ်းများသည် နာရီစက်သံနှင့် ကိုက်အောင် စည်းချက်ကျကျ လျှောက်လှမ်းလျက် ရှိ၏။ သူ့ဘေးမှ ဖြတ်သွားသော လမ်းဘေးဈေးသည် တစ်ယောက်သည် သူ့အား အထူးအဆန်းတစ်ခုသဖွယ် ကြည့်သွားသည်။

သူသည် ပန်းဆိုင်တစ်ဆိုင်ရှေ့အရောက်တွင် ဖျတ်ခနဲ ရပ်ကာ ပြတင်းပေါက်မှနေ၍ အထဲသို့ လှမ်းကြည့်သည်။ ဆိုင်၏အလယ်တွင် ကြေးအိုးတစ်လုံးဖြင့် ချပြထားသည့် ပန်းပင်တစ်ပင်ကို သူ သဘောမကျဘဲ မနေနိုင်။

mgyoe.com

သူသည် ဆိုင်ထဲသို့ ဝင်ခဲ့လေသည်။

"ကျွန်တော် ဘာလုပ်ပေးရမလဲ ခင်ဗျာ" ဟု အရပ်မြင့်မြင့် မိန်းမလျာနှင့် တူသော လူငယ်တစ်ယောက်က မေးသည်။

"ဟို အသီးနီနီကလေးတွေနဲ့ အပင်က ဘာပင်လဲ"

"ဘစ်တားဆွိလို့ ခေါ်ပါတယ်"

"နာမည်ကလေးက လှလိုက်တာ၊ သူတို့က ဒီဒေသမှာ ပေါက်တာလား"

"မဟုတ်ဘူး ခင်ဗျ၊ ဟိုး...မြောက်ပိုင်းဒေသက လာတာ"

စာရေးသည် ဖျတ်ခနဲ နားစွင့်သည်။ ဘာသံလဲ၊ ဘယ်က လာနေတာပါလိမ့်ဟု တွေးနေဟန် တူသည်။

"ကျွန်မ အသံ မဟုတ်ဘူးရှင့်" ဟု အင်နီက ပြောသည်။ "ကျွန်မဝယ်လာတဲ့ နာရီက မြည်နေတဲ့ အသံပါ။ ဩော်...ဒါနဲ့ ကျွန်မ မေးရဦးမယ်၊ ဒီဘစ်တားဆွိပင်တွေ ပေါက်တဲ့ဒေသက ဘယ်လိုဒေသမျိုးလဲ"

"သစ်တောကြီးတွေ သိပ်များတဲ့ ဒေသပေါ့။ သစ်တောကြီးတွေ ပေါက်နေတဲ့ မြေဧကက ထောင်ချီပြီး ရှိတယ်။ တကယ်လို့ ကျွန်တော်သာ စာရေးတတ်ရင် အဲဒီသစ်တောကြီးတွေအကြောင်း စာအုပ်တစ်အုပ်ရေးမှာပဲ။ စာအုပ်နာမည်ကိုလည်း 'သစ်တောများအား မုဒိမ်းကျင့်ခြင်း' လို့ ပေးမယ်"

"ရှင်ဆိုလိုတာက အဲဒီဒေသက သစ်တောတွေကို လူတွေက ခုတ်ပစ်နေတယ်ပေါ့၊ ဟုတ်လား"

"သိပ် ဟုတ်တာပေါ့၊ ဘုရားသခင်က ဖန်ဆင်းပေးထားတဲ့ အလှကို လူတွေက ဖျက်ဆီးပစ်နေကြတာပဲ။ သစ်ပင်တွေကို ခုတ်၊ ခြံစည်းရိုးတွေ လုပ်၊ အခုတော့ သစ်ငုတ်တိုနဲ့ ပြည့်နေတဲ့၊ အရုပ်ဆိုးတဲ့နေရာတွေ ဖြစ်ကုန်ပြီ"

"ဘစ်တားဆွိတစ်စည်းကို ဘယ်လောက်ကျသလဲ"

"ဆယ်ဆင့်"

"ကျွန်မ တစ်စည်းယူမယ်"

အင်နီသည် ပြတင်းပေါက်ပေါ်၌ ရေးထိုးထားသည့် ဆိုင်ရှင်၏ နာမည်ကို လှမ်းကြည့်သည်။ "ရှင် ရေးချင်နေတဲ့ သစ်တောအကြောင်း စာအုပ်ကို ရှင် ရေးနိုင်မှာပါ။ မစ္စတာဘိုင်ရတ်ရယ်၊ ရှင် ပြောပုံဆိုပုံကို နားထောင်ရတာနဲ့ ရှင် ရေးနိုင်လိမ့်မယ်လို့ ကျွန်မ သိနေပါတယ်"

mgyoe.com

mgyoe.com

"ခင်ဗျား အဲသလိုပဲ ထင်သလား" ဟု အားတက်သရော မေးသည်။

"ကျွန်မကတော့ သေချာတယ်လို့ တွက်ထားပြီးပြီ။ ကဲ ကျွန်မ သွားမယ်" ပြောပြောဆိုဆိုပင် အင်နီသည် ဆယ်ဆင့်ပြားတစ်ပြားကို ကောင်တာပေါ် တင်ပေးခဲ့ပြီး ဆိုင်ထဲမှ ထွက်လာခဲ့သည်။

ကားလ်အတွက် စီးကရက်တစ်ဘူးဝယ်အပြီးတွင်မူ သူသည် အိမ်သို့ ပြန်သည်။ အိမ်ထဲရောက်၍ ဖိနပ်ချွတ်နေသည့်အခါ နောက်ထပ် ဖိနပ်တစ်ရန် ဝယ်ဦးမှ ဖြစ်မည်ဟု တွေးမိသည်။ ဒေါက်မြင့်ဖိနပ်များသည် လမ်းလျှောက်လို့ မကောင်း။ ဘရွတ်ကလင်းဘဏ်မှ ငွေရောက်လာလျှင် လာချင်း ဖိနပ်တစ်ရန် တော့ ဝယ်ထားပါမှ။

သူသည် ကော်ဖိနပ်ထားသောအိုးကို ပြောင်စင်သွားအောင် ဆေးကြော ပြီး ဘစ်တားဆိုပန်းများ ထိုးလိုက်သည်။ ပန်းများသည် ပန်းအိုးထဲ ရောက်ခါမှ ပို၍ လှလာသည်။ သူသည် ဆေးလိပ်ခွက်ကို ကားလ်၏ စာကြည့်စားပွဲပေါ် တွင်တင်ထားလိုက်၏။ စားပွဲနေရာသည် နေရောင်ခြည်ကိုကောင်းစွာရသဖြင့် လိုက်ဖက်ညီလှသည်။ သူသည် စီးကရက်ဘူးကို ဆေးလိပ်ခွက်ပေါ် တင်ထား လိုက်သည်။ ဆေးလိပ်ဘူးကို ဆေးလိပ်ခွက်က ပိုင်ဆိုင်သည် မဟုတ်ပါလား။

နာရီစက်သံသည် တစ်ချက်ချက် မြည်လျက်ရှိသည်။ ဤအသံသည် အခန်းကို အသက်ဝင်စေသည်ဟု ထင်၏။ မြို့ကြီးတစ်မြို့တွင် မွေးဖွား ကြီးပြင်း လာခဲ့ရသော အင်နီအဖို့ လမ်းပေါ်မှ အော်သွားနေကြသည့် ဈေးသည် အသံ များနှင့် လမ်းပေါ်၌ ကစားနေကြသည့် ကလေးသံများသည် အထူးအဆန်း များ မဟုတ်တော့ပေ။ ဘာပဲဖြစ်ဖြစ် နာရီစက်သံကို ကြားနေရခြင်းသည် သူ့အတွက် များစွာ အဆင်ပြေလျက်ရှိလေသည်။

မှန်တင်ခုံပေါ်တွင် မှန်တစ်ချပ် ခင်းထားသည်။ သူသည် သူ၏ အလှ ပြင်ပစ္စည်းများကို မှန်ချပ်ပေါ်တွင် စနစ်တကျ တင်ထားလိုက်၏။ ပစ္စည်း တွေက အမယ်စုံသည်။ ကိုယ်လိမ်း ပေါင်ဒါ၊ မျက်နှာလိမ်းပေါင်ဒါ၊ အလှဆီ ဘူး၊ နှုတ်ခမ်းနီဆိုးဆေးတောင့် စသည်များ။ သူ့ဘီးကို သတိရသည်။ လိပ်ခွံ ဘီးကလေးဖြစ်၏။ ကားလ်က သူ့အား မွေးနေ့လက်ဆောင်အဖြစ် ဝယ်ပေး ထားခြင်း။ ဆံပင်ဖြီးသောဘရပ်ရှ်ကတော့ အမွေးအတောင်မစုံတော့။ ထိုပစ္စည်း ကို မှန်တင်ခုံပေါ် တင်ထား၍ မဖြစ်။ "ရှင်ကတော့ ဒီအပေါ်မှာနေလို့ မဖြစ်ဘူး။ ကိုခေါင်းပြောင်ရေ၊ ရှင်နဲ့တော်တဲ့နေရာမှာပဲ နေပေတော့" ဟု ပြောကာ

mgyoe.com

mgyoe.com

ဘရပ်ရှ်ကို အံဆွဲထဲ ထည့်လိုက်သည်။

သူသည် သူ ပြင်ဆင်ခင်းကျင်းထားသမျှကို ပြန်၍ ကြည့်သည်။ အပြင်မှဝင်လာနေသည့်နေရောင်ကြောင့် ဆေးလိပ်ခွက်သည် အရောင်တလက်လက် ထွက်နေသည်။ မှန်ထဲတွင် အရိပ်ထင်နေသော ဘစ်တားဆွိပန်းသည် လှပတင့်တယ်နေသည်။ ပြီးတော့ နာရီ၊ သူ့မျက်စိထဲတွင် အားလုံး လှပနေသည်။ သူ့နေရာနှင့်သူ အံဝင်ခွင်ကျ ဖြစ်နေသည်။

တက္ကသိုလ် နာရီစင်မှ နာရီထိုးသံနှစ်ချက် ကြားရသည်။ ဤအချိန်သည် စာကြည့်တိုက်သို့ သွားသင့်သောအချိန် ဖြစ်သည်။ သူသည် ရေကပျာကယာ ချိုးလိုက်သည်။ မိတ်ကပ်လူးသည်။ ရှည်လျားလှသော ဆံပင်ကို သပ်သပ်ရပ်ရပ် ဖြစ်အောင် ဖြီးသည်။ ပြီးတော့ အခန်းထဲမှ ထွက်လာခဲ့သည်။

စာကြည့်တိုက်တွင်းမှ အနံ့အသက်များသည် မွှေးပျံ့လျက်ရှိသည်။ ဘရွတ်ကလင်းက စာကြည့်တိုက်ကို သတိရမိသည်။ ထိုစာကြည့်တိုက်သည် ဤစာကြည့်တိုက်လောက် မကြီး။ သူသည် တစ်ထပ်ပြီး တစ်ထပ် တက်ကာ စာအုပ်စင်ကြီးများကြားသို့ ဝင်ကြည့်သည်။ မင်နံ့၊ သုတ်ဆေးနံ့၊ သားရေနံ့၊ ပန်းသီးနံ့နှင့် ဖယောင်းနံ့များသည် လေတွင် လွင့်မျောနေသည်။

သူသည် စာအုပ်များကို ယူကြည့်သည်။ ဖြစ်ပျက်ပြီးသမျှ အရာရာတိုင်းသည် လည်းကောင်း၊ ဖြစ်နိုင်သမျှ အရာရာတိုင်းသည် လည်းကောင်း ဤ စာအုပ်များ အတွင်း၌ ပါကြလိမ့်မည်ဟု သူ တွေးမိသည်။ သူသည် လက်ထဲမှ *'ဒေးဗစ်ကော့ပါးဖီးလ်'* စာအုပ်ကို လှန်လှောကြည့်သည်။ ဒုတိယအကြိမ် ပြန်ဖတ်ဦးမည်ဟု ဆုံးဖြတ်လိုက်၏။ သူသည် *'ဘက်ဘစ်'* စာအုပ်နှင့် တစ်ခန်းရပ်ပြဇာတ်များ စာအုပ်ကိုပါ ယူကြည့်သည်။

သူသည် ငှားလာသော စာအုပ်များကို ပွေ့ပိုက်ကာ တက္ကသိုလ်ဝင်းထဲမှ ဖြတ်လျှောက်လာသည်။ တက္ကသိုလ်ကျောင်းသူများ၏ လှုပ်ရှားမှုကို သူ မကြည့်ဘဲ မနေနိုင်။ တစေ့တစောင်း အကဲခတ်မိသည်။ အများအားဖြင့် ကျောင်းသူများသည် အနားခေါက်တွန့်စကပ်များနှင့် ခေါင်းစွပ်ဆွယ်တာများ ဝတ်ဆင်ထားကြသည်။ သူဝတ်ထားသည့် အဝတ်အစားများသည် ကျောင်းသူများကြားတွင် အဆင်မပြေဟု ထင်မိ၏။ 'ငါ သူတို့လိုကျောင်းသူမျိုး ဖြစ်ချင်လိုက်တာ၊ ငါ သူတို့လို ဘယ်တော့မှဖြစ်မှာမဟုတ်တော့ဘူး' ဟု ဝမ်းနည်း

mgyoe.com

mgyoe.com
စိတ်ဖြင့် တွေးနေမိလေသည်။

*

ထိုည ကားလ် ပြန်ရောက်လာသည့်အခါ အခန်းထဲမှ အပြောင်းအလဲများကို သတိမထားမိ၊ အင်နီကပြောခါမှ သူသိသည်။ သူ့အနေဖြင့် အခန်းထဲ၌ အပြောင်းအလဲများရှိသည်ဟုတော့ ထင်သည်။ သို့သော်လည်း သတိထား၍ မကြည့်မိခြင်းသာဖြစ်၏။ "မင်းမှာ ဖတ်စရာစာအုပ်တွေ ရလာတဲ့အတွက် ကိုယ်ဝမ်းသာတယ်" ဟု ကားလ်က ပြောသည်။ "ကိုယ့်မှာက ဒီညနှစ်နာရီလောက်တော့ အပြင်းအထန် စာကြည့်ရလိမ့်ဦးမယ်၊ မနက်ဖြန်ကျရင် စာမေးပွဲက ရှိနေတယ်"

ပြောပြောဆိုဆို ကားလ်သည် သူ၏ တစ်နေ့တာ သင်ခန်းစာ မှတ်စုများကို စားပွဲပေါ်သို့ ချလိုက်သည်။ စာအုပ်စင်ပေါ်မှ ပြဋ္ဌာန်းစာအုပ်တစ်အုပ်ကို ဆွဲထုတ်လိုက်ပြီး ခဲတံတစ်ချောင်းကို ချွန်နေသည်။

"အင်နီက ကိုယ့်အနားမှာထိုင်ပြီး ကိုယ့်ရဲ့ကလောင်တံတွေကို ကိုင်ပေးချင်လိုက်တာ"

"ဘာ ကလောင်တံတွေလဲ"

"ကိုယ် သိပြီးသားပါ၊ ဒေးဗစ်ကော့ပါးဖီးလ်ဝတ္ထုကြီးထဲက ဒိုရာ လုပ်သလို လုပ်ချင်တယ်လို့ ပြောတာ"

"ကိုယ် မေ့သွားပြီ၊ အဲဒီဝတ္ထုကို ဖတ်ထားတာက ကြာခဲ့ပြီ"

"မနက်ဖြန် အစမ်းစာမေးပွဲက ဘာတွေဖြေရမှာလဲ"

"တော့ထ်"

"တော့ထ် ဆိုတာ ဘာလဲ၊ ကိတ်မုန့်နာမည်လား၊ အဲဒါတော့ မဖြစ်နိုင်ဘူးထင်တယ်"

"ကဲ ဒီမှာနားထောင်၊ အဘိဓာန်စာအုပ်က 'တော့ထ် ဆိုသည်မှာ တရားမကြောင်းဖြင့် စွဲဆိုနိုင်သည့် မတော်မတရားလုပ်ကိုင်မှုတစ်ခုကို ဆိုခြင်းဖြစ်သည်' တဲ့။ စာလုံးပေါင်းရင် တီ–အို–အာရ်–တီ တော့ထ် Tort လို့ ပေါင်းရတယ်။ အဲဒီစကားလုံးမှာ B တစ်လုံး ထည့်လိုက်ရင် ကိတ်မုန့်လို့ ခေါ်တယ်"

အင်နီက ခေါင်းညိတ်သည်။ "ကဲ တော်ပြီ၊ ကို စာကျက်တော့၊ အင်နီ့အတွက် အလုပ်ရှုပ်ခံမနေနဲ့"
mgyoe.com

အင်နီသည် တစ်ခန်းရပ်ပြဇာတ်များ စာအုပ်ကိုကိုင်၍ လှုပ်ကုလားထိုင်ပေါ်၌ ထိုင်သည်။ သူသည် စာရွက်များကို အသံမမြည်အောင် လှန်သည်။ ကားလ် စာကျက်နေသည်ကို အနှောင့်အယှက်ဖြစ်မည်စိုး၍ဖြစ်၏။ ထိုအခိုက်မှာပင် ကားလ်သည် စားပွဲကို လက်သီးနှင့် တအားထုလိုက်သည်။ အင်နီသည် ထိတ်လန့်တကြားဖြစ်ကာ ခုန်ထလိုက်မိ၏။ သူ့လက်ထဲမှ စာအုပ်သည် လွတ်ကျသွားသည်။

"ဘာဖြစ်တာလဲ ကားလ်"

"ဟာကွာ... ဟိုနာရီစက်သံက သိပ်နားငြီးတယ်။ သူ့ မြည်သံက သိပ်ကျယ်တာယ်ကွ၊ ဘွိုင်လာစက်ရုံထဲမှာ စာကျက်နေရသလို ဖြစ်နေပြီ"

အင်နီသည် ဂျက်ကက်အင်္ကျီကိုသွားယူကာ နာရီကိုပတ်၍ ထုပ်လိုက်သည်။ မှန်တင်ခုံအောက်ဆုံး အံဆွဲထဲသို့ ထိုးသွင်းလိုက်ပြီး "ရှူး ရှူး အခုချိန်က စပြီး တိတ်တိတ်ကလေးနေတော့" ဟု တိုးတိုးကလေးပြောသည်။

"ဒီကို လာပါဦး အချစ်ရယ်" ဟု ကားလ်က ခေါ်သည်။ အင်နီ့ခါးကို သိမ်းဖက်ထားသည်။ "ကိုယ့်ကို စိတ်မဆိုးနဲ့နော်၊ နာရီစက်သံက စာကျက်လို့ မရဘူးကွ။ မင်းလည်း ကိုယ်စာကျက်တိုင်း အခန်းထဲမှာ ညစဉ် အခုလို ထိုင်နေရတာ ပင်ပန်းတော့မှာပဲ။ ကိုယ်ကလည်း စာထဲ စိတ်မဝင်စားလို့ မဖြစ်ဘူး။ ကိုယ်က မင်းလို မှတ်ဉာဏ်မကောင်းဘူး အင်နီရဲ့။ အဲဒီတော့ အားလုံးကိုမှတ်မိအောင် တအားလုပ်ရတာ" ဟု ရှင်းပြသည်။

အင်နီက ကားလ်၏ပါးကို တစ်ချက်မျှ ခပ်ဖွဖွကလေးနမ်းသည်။ "နောက်ထပ် ကို့ကို အင်နီ မနှောင့်ယှက်တော့ပါဘူး" ဟု ပြောသည်။

*

ညအနည်းငယ်မျှအကြာတွင် တစ်ခန်းရပ်ပြဇာတ်များကို ဖတ်နေသော အင်နီသည် သူနှင့် ကားလ်တို့အကြောင်းကို တစ်ခန်းရပ်ပြဇာတ်တစ်ခု ရေးလိုစိတ် ဖြစ်လာသည်။ ဇာတ်လိုက်ကို လန့်စ်ဟု အမည်ပေးကာ ဇာတ်လိုက်မင်းသမီးကို လင်ဒါဟုအမည်ပေးရန် ဆုံးဖြတ်လိုက်သည်။ ထို့နောက် ပြဇာတ်ကို ကားလ် မသိအောင် တိတ်တဆိတ် ကျိတ်ရေးသည်။

တစ်ညတွင် အင်နီသည် ရေးလက်စပြဇာတ်တွင် စိတ်ဝင်စားနေသည်။ သူ့စိတ်ကူးများသည် စာရွက်များပေါ်သို့ ကူးပြောင်းသွားနေကြ၏။

mgyoe.com

mgyoe.com

## ပြကွက် နှစ်

(နှစ်ပေါင်းများစွာ ကုန်လွန်သွားပြီ၊ နေရာမှာ ဘုရင်ခံအိမ်တော်၊
သူတို့ နှစ်ယောက်သည် ချမ်းသာကြွယ်ဝနေကြပြီ)

လင်ဒါ။ ကို မှတ်မိသေးလား၊ ဟိုးတစ်ချိန်ကလေ လင်ဒါရဲ့ စားပွဲတင် နာရီသံဟာ စက်ရုံတစ်ရုံထဲက ဘွိုင်လာသံအတိုင်းပဲလို့ ပြောခဲ့ တယ်လေ။

လန့်စ်။ ကိုယ်က အဲသလိုပြောတော့ မင်းက ငိုတယ်လေ။

လင်ဒါ။ လင်ဒါ လုံးဝ မငိုဘူး။

လန့်စ်။ မင်း ငိုပါတယ် လင်ဒါရယ်၊ မင်း နှလုံးသားထဲမှာ မျက်ရည်ကျ နေတာ ကိုယ် သိပါတယ်။

လင်ဒါ။ ကိုက တော်တော့်ကို လိမ္မာပါးနပ်တာပဲ။

လန့်စ်။ မလိမ္မာပါဘူး... အင်နီရာ... ကိုယ်က မိုက်မဲတဲ့ကောင်ပါ။ ကိုယ်ဟာ ဥပဒေစာမေးပွဲကိုအောင်ခဲ့တဲ့ အသက်အငယ်ဆုံး လူ ဖြစ်ချင်ဖြစ်မယ်။ အသက်အငယ်ဆုံး ဘုရင်ခံဖြစ်ချင်လည်း ဖြစ် မယ်။ ဒါပေမဲ့ ကိုယ့်နှလုံးသားကတော့ မိုက်မဲပါတယ်။

အင်နီသည် သူ့ပြဇာတ်တွင် စိတ်ဝင်စားနေသဖြင့် ကားလ် စာကျက် နေရသည်ကို မေ့သွားသည်။ ရုတ်တရက် လက်များကို မြှောက်ကာ အော် လိုက်မိသည်။ "ရပြီ၊ အင်နီရပြီ ကားလ်၊ အင်နီ့ ပြဇာတ်အတွက် နာမည်ကို ရပြီ၊ 'မိုက်မဲသောနှလုံးသား' လို့ ပေးမယ် ကားလ်ကြိုက်ရဲ့လားဟင်"

ကားလ်သည် ဖတ်နေသည့် စာအုပ်ကို ဖြန်းခနဲ ပိတ်ကာ ဆောင့်တွန်း ပစ်လိုက်သည်။ စာအုပ်သည် ဆေးလိပ်ပြာခွက်ကိုပါ သိမ်းကျုံးဆွဲယူကာ ကြမ်းပြင်ထက်သို့ ခုန်ဆင်းသွားသည်။ ဆေးလိပ်ခွက်သည် ထက်ခြမ်းကွဲ သွားသည်။ "ဒုက္ခပါပဲကွာ၊ မင်း ငါးမိနစ်လောက်ကလေးမှ ငြိမ်ငြိမ် နေမပေး နိုင်ဘူးလား အင်နီရယ်" ဟု စိတ်တိုသံဖြင့် ပြောသည်။

"အင်နီလည်း အသက်ကတော့ မရှုလို့ မရဘူးလေ ကားလ်ရဲ့၊ ပြော စရာ ရှိလာလို့ သတိလစ်ပြီး ပြောလိုက်မိတာပါ"

"အေးပါကွာ၊ ကိုယ်လည်း ပြောရတာ ဘယ်စိတ်ကောင်းပါ့မလဲ။ ဒါပေမဲ့ ကိုယ့်မှာ စာမကျက်လို့မဖြစ်ဘူးဆိုတာ မင်း သိပါတယ်။ မင်း ကိုယ့်

mgyoe.com

ပေါ်မှာ ဘာပြုလို့ နားမလည်နိုင်တာလဲ"

"အင်နီ ဘာလုပ်မိလို့လဲ ပြောစမ်းပါဦး၊ အင်နီ လုပ်လိုက်မိတဲ့ ကိစ္စက ဒီလောက် ဒေါသတကြီး ပြောဆိုပြီး ဆေးလိပ်ပြာခွက်ကို ခွဲပစ်ရလောက်အောင် ဆိုးနေလို့လား"

"မင်းကိုယ်မင်း ကိုယ့်နေရာမှာ နေကြည့်စမ်းပါ အင်နီရာ"

"ရှင်သာ ကျွန်မ နေရာမှာ နေကြည့်ရမှာရှင့်၊ ကျွန်မ တစ်ခေါက်မှ မရောက်ဖူးတဲ့ ဒေသမှာ ဆွေမရှိ မျိုးမရှိ အပေါင်းအသင်း မရှိ နေရတဲ့ ကျွန်မရဲ့ ဘဝဟာ တစ်ကောင်ကြွက်ဘဝနဲ့ ဘာများထူးလို့လဲ၊ အဲဒါကိုတော့ ရှင် ဂရုမထားဘူး"

ပြောပြောဆိုဆို အင်နီသည် တံခါးကို ဆွဲဖွင့်ကာ အပြင်သို့ ထွက်သွားသည်။ ပထမတော့ ကားလ်သည် ထလိုက်သွားရန် ဟန်ပြင်လိုက်သေးသော်လည်း ချက်ချင်းပင် စိတ်ပြောင်းသွားသည်။ အင်နီသည် ကုတ်အင်္ကျီကို ယူမသွား၊ ဒါဆိုလျှင် အင်နီသည် အပြင်သို့ ထွက်သွားလိမ့်မည်မထင်။ အိမ်ရှင်အဘွားကြီးထံသွား၍ စကားစမြည်ပြောနေလိမ့်မည်ထင်၏။

အင်နီ ထွက်သွားချိန်မှ စ၍ အခန်းထဲတွင် တိတ်ဆိတ်ငြိမ်သက်လျက်ရှိ၏။ အခုဆိုလျှင် သူသည် အနှောင့်အယှက်ကင်းစွာဖြင့် စာကျက်နိုင်ပြီ။ သူသည် ကြမ်းပေါ်မှ စာအုပ်၊ ဆေးလိပ်ပြာခွက်အကွဲနှင့် အင်နီ ဝယ်ပေးထားသည့် စီးကရက်ဘူးတို့ကိုပြန်ကောက်တင်သည်။ အခုကျတော့လည်း စာကျက်ချင်စိတ် လုံးဝပျောက်သွားသည်။ သူ့အနားတွင် အင်နီ ရှိစေချင်လှပါ၏။

အိပ်ရာပေါ်၌ အင်နီ ချထားပစ်ခဲ့သည့် စာမူကို ကောက်ယူလိုက်သည်။ ပြဇာတ်ထဲမှဇာတ်ကောင်များ ပြောသည့်စကားများကို ဖတ်ကြည့်ပြီး ပြုံးနေမိသည်။ သူသည် အိပ်ရာခုတင်ပေါ်၌ ထိုင်ကာ သူတို့၏ လက်ရှိအခြေအနေကို စဉ်းစားနေမိသည်။ အိပ်ခန်းတစ်ခန်းတည်းသာရှိသည့် ဤအခန်းမျိုးတွင် ကြာရှည်နေလို့ ဖြစ်ပါ့မလား။ ဤအခန်းထက် ကျယ်ဝန်းသော အခန်းတော့ ရပါမှ ဖြစ်တော့မည်ထင်၏။ ဤအခန်းထက်ကျယ်သော အခန်းရဖို့မှာ အခကြေးငွေ ပိုပေးရလိမ့်မည်ဖြစ်၏။ သို့ဆိုလျှင် ထိုပိုလာမည့်ငွေကို ဘယ်လို ရှာရမည်နည်း။ ကျောင်းမှ စာသင်ခန်းများကို လုံးဝမတက်တော့ဘဲ အလုပ်ပို လုပ်ပြီး ငွေရှာဖို့ဆိုသည်မှာ လုံးဝမဖြစ်နိုင်။ အင်နီ အလုပ်ထွက်လုပ်ဖို့ကျတော့ လည်းမလွယ်လှ။ မြို့ပေါ်မှ မိန်းကလေးများနှင့် တက္ကသိုလ် ကျောင်းသူများ

mgyoe.com

mgyoe.com

သည် အချိန်ပိုင်းအလုပ်တွင် ဝင်လုပ်နေကြသူများ ဖြစ်၏။ အင်နီသည် သူတို့ကြားသို့ တိုးနိုင်ပါမည်လော။

အင်နီကို သူလက်ထပ်မိတာ မှားပြီလား။ သူတို့၏မိခင်များကတော့ လက်ထပ်ခြင်းကိစ္စကို အပြင်းအထန်ဆန့်ကျင်ခဲ့ကြ၏။ ဥပဒေ ပညာသင် ဌာနမှူး ကိုယ်တိုင်ကပင်လျှင် ဤကိစ္စကို ဆန့်ကျင်ခဲ့သည် မဟုတ်ပါလော။

*

"ထိုင်လေကွာ၊ ဘရောင်း"

"ကျေးဇူးတင်ပါတယ် ဆရာ"

ကားလ်သည် ဌာနမှူး ရှေ့မှ ကုလားထိုင်တွင် ဝင်ထိုင်သည်။ ဌာနမှူးသည် ကားလ်ဘရောင်း၏ နာမည်တပ်ထားသော ဖိုင်တွဲထဲမှ စာရွက်စာတမ်းများကို ကြည့်လျက်ရှိသည်။

"မင့် မှတ်တမ်းက ကောင်းသားပဲ" ဟု ဌာနမှူးက ရေရွတ်သည်။ "ကဲ ဆိုစမ်း၊ မင်း ငါ့ကို တွေ့ချင်တာ ဘာကိစ္စလဲ ကားလ်"

"ကိစ္စလေးတစ်ခု ရှိ ရှိနေလို့ပါ၊ ကျွန်တော်က ဟို... ဟို ဒီလိုပါ။ အိမ်ထောင်ပြုဖို့ စီစဉ်ထားလို့ပါ"

ဌာနမှူးက မျက်မှောင်ကုတ်သွားသည်။ "တို့က ကျောင်းသားတွေ အိမ်ထောင်ပြုကြတာကို သဘောမတူကြဘူးကွ"

"ဒါပေမဲ့ ဒီလိုရှိပါတယ် ဆရာ၊ ဥပဒေနဲ့ ဆေးကျောင်းတက်နေကြတဲ့ အိမ်ထောင်သည် ကျောင်းသူကျောင်းသားတွေ အများကြီးရှိပါတယ် ဆရာ"

"မှန်ပါတယ်။ ဒုတိယ ကမ္ဘာစစ်ကြီးအပြီးမှာ စစ်တပ်က အိမ်ထောင်သည် တပ်ထွက်တွေ ကျောင်းလာတက်ကြတာ အများကြီးပဲ၊ ဒါနဲ့ အခု မင်း အသက် ဘယ်လောက်ရှိသွားပြီလဲ"

"အသက် နှစ်ဆယ်ပါ ဆရာ၊ မိန်းကလေးက ကျွန်တော်နဲ့ ချစ်ကြိုက်လာတာ လေးနှစ် ရှိသွားပါပြီ"

"ခဏနေဦး၊ ငါ ကြည့်လိုက်ဦးမယ်" ဟု ဌာနမှူးက ပြောကာ ကားလ်၏ ကိုယ်ရေးဖိုင်ကို ဖွင့်ပြန်သည်။ "အသက် ဆယ့်ခြောက်နှစ်မှာ မင်း အထက်တန်း စာမေးပွဲအောင်တယ်။ ဆယ့်ရှစ်နှစ်မှာ ဥပဒေကျောင်းတက်ခွင့်ရဖို့ ကောလိပ်မှာ နှစ်နှစ်တိတိ နေခဲ့ရတယ်။ ငွေကြေးခက်ခဲလို့ ကျောင်းတက်ရင်း

mgyoe.com

mgyoe.com

အချိန်ပိုင်းနဲ့ အလုပ် လုပ်ခဲ့ရတယ်။ အင်း အဲသလို ဖြစ်နေတဲ့ကြားထဲမှာ မင်းက မိန်းမ လိုချင်တယ်။ ဆရာကတော့ မင်းလို လူငယ်တစ်ယောက်ရဲ့ဘဝမှာ ကိုယ်လိုချင်တဲ့ ဥပဒေပညာကိုရဖို့က ပဓာနပဲ၊ ကျန်တဲ့ကိစ္စတွေကို ဘေးမှာပဲ ထားသင့်တယ်။ အဲဒီတော့..."

"တကယ်လို့ ဆရာ ခွင့်ပြုနိုင်မယ်ဆိုရင် ကျွန်တော် ပြောပါရစေ ဆရာ" ဟု ကားလ်က ကြားဖြတ်ပြောသည်။ "ကျွန်တော် ပညာသင်နေတာဟာ ဘုန်းကြီးလုပ်ဖို့ မဟုတ်ပါဘူး ဆရာ။ ကိုယ်ကျင့်တရားကို လေးစားပြီး တော်လည်းတော်၊ အောင်လည်းအောင်မြင်တဲ့ ရှေ့နေကောင်းတစ်ယောက် ဖြစ်လာဖို့ပါ။ လူတစ်ယောက်ရဲ့ဘဝတစ်ခုလုံးမှာ ကြီးမားတဲ့ရည်မှန်းချက်ကြီးတစ်ခု ဖြစ်သင့်တာကတော့ အမှန်ပါပဲဆရာ။ ဒါပေမဲ့ ဘဝတစ်ခုလုံးကို အဲဒီ ရည်မှန်းချက်ကြီးတစ်ခုတည်းက လွှမ်းမိုးထားသင့်တယ်ဆိုတာကတော့ မများလွန်းဘူးလား ဆရာ"

"အေးလေ၊ မင်း ပြောပုံအရဆိုရင်လည်း မမှားပါဘူး" ဟု ဌာနမှူးက ပြောသည်။ "မင်း အိမ်ထောင်ပြုရင်လည်း ငါကတော့ မင့်ကို ကျောင်းက ထုတ်မပစ်နိုင်ပါဘူး။ ဒါပေမဲ့ မင်း နားလည်ထားရမှာက အိမ်ထောင်သည် ကျောင်းသားတစ်ယောက်အနေနဲ့ ပညာသင်ဆုတို့၊ ပညာသင်စရိတ်ချေးငွေ တို့ကို ရပိုင်ခွင့်မရှိနိုင်တော့ဘူးဆိုတဲ့ အချက်ပဲ"

"ကျွန်တော် နားလည်ပါတယ် ဆရာ"

"ပြီးတော့ မင်းရဲ့ပညာရပ်တိုးတက်မှုအခြေအနေကို အလွန်သတိထားပြီး ကြည့်နေတာ ခံရလိမ့်မယ်၊ အဆင့်ကျရင် အပြစ်ဒဏ်ဟာ ကြီးမားဖို့ ရှိတယ်"

"ကျွန်တော် သိပါတယ် ဆရာ"

ဌာနမှူးက သက်ပြင်းချသည်။ သူ့ထံသို့ တစ်လတစ်ကြိမ် လာတွေ့ရမည်ဟု ပြောသည်။ ထို့နောက် ဌာနမှူးသည် ကားလ် လုံးဝ မျှော်လင့်မထားသော အလုပ်တစ်ခုကို လုပ်သည်။ သူသည် လက်တစ်ဖက်ကို ကားလ်ဘက်သို့ ကမ်းပေးပြီး ကားလ်၏လက်ကို အားရပါးရ ဆွဲဆုပ်နှုတ်ဆက်ခြင်း ဖြစ်သည်။

"မင်း ကံကောင်းပါစေလို့ ဆရာ ဆုတောင်းပါတယ်ကွာ" ဟု သူက ပြောသည်။ "ဒီကိစ္စ ဘယ်လို ဖြစ်လာရတယ်ဆိုတာ ဆရာ သိပါတယ်။ ဆရာ

mgyoe.com

mgyoe.com

ကိုယ်တိုင်လည်း ဥပဒေကျောင်း တက်ခဲ့တုန်းက အိမ်ထောင်နဲ့ကွ"

*

အင်နီအားစောင့်မျှော်ရင်း ခေါက်တုံ့ခေါက်ပြန် လမ်းသလားနေသော ကားလ်သည် သူ့ ဌာနမှူး၏စကား မှန်သည်ဟု တွေးနေမိသည်။ အိပ်ခန်း တစ်ခန်းတွင် တစ်ပတ် ငါးဒေါ်လာ ဝင်ငွေနှင့် နေထိုင်ရေးသည် ဖြစ်နိုင်ဖွယ်ရာ မရှိ။ သူတို့ အိမ်ထောင်ပြုကြခြင်း သို့မဟုတ် စာမေးပွဲကျခြင်း စသည့် နှစ်ခု အနက် တစ်ခုခုနှင့် ရင်ဆိုင်ရဖို့သာ ရှိနေ၏။ အကယ်၍ ဒီထက်ကံဆိုးလျှင် နှစ်ခုစလုံး တစ်ပြိုင်တည်း ဖြစ်လာနိုင်၏။ ထိုအခါ သူသည် မယားကိုရော ဘဝကိုပါ ဆုံးရှုံးရလိမ့်မည် ဖြစ်သည်။ အကောင်းဆုံးနည်းတစ်နည်းမှာ သူ ဘွဲ့ရပြီးချိန်အထိ အင်နီအား အိမ်ပြန်ပို့ထားရလျှင် ကောင်းမလား။

မဖြစ်နိုင်။ အင်နီကိုတော့ သူနှင့် ခွဲမထားချင်။ သူတို့ အိမ်ထောင်မှာ အဘက်ဘက်တွင် ပြည့်စုံသည့်သဘော ရှိနေ၏။ အင်နီသည် စကားများများ ပြောတတ်သည့် အကျင့်ရှိသော်လည်း အသက်က ငယ်သဖြင့် ဘာမှ မသိရှာ သည့် ကလေးတစ်ယောက်နှင့် တူသည်။ မိမိအပေါ်၌လည်း ချစ်ခင်ရှာ၏။ အင်နီအား လက်ထပ်မိခြင်းသည် သူ မမှားနိုင်။ အင်နီကိုတော့ သူ စွန့်နိုင် မည် မဟုတ်။ စွန့်ခြင်းစွန့်လျှင် ဥပဒေကို အလျင် စွန့်မှသာ ဖြစ်မည်။

နှစ်ခုစလုံးကို ထိန်းသိမ်းထားနိုင်ဖို့ အခြေအနေကော ရှိပါရဲ့လား။ သူ တစ်နှစ် ကျောင်းမှထွက်၍ မော့ဒ်စတုံးရှိ မော်တော်ကားစက်ရုံတစ်ရုံ၌ အလုပ် ဝင်လုပ်မည်ဆိုပါက အဆင်ပြေနိုင်စရာ ရှိသည်။ အလုပ် လုပ်ရင်း ငွေစုမည်။ နောက်နှစ်ကျတော့ သူ ကျောင်းပြန်တက်မည်။ ယခုနှစ်သွင်းထားသည့် ကျောင်းစရိတ်ငွေကိုလည်း လာမည့်နှစ်ကျတော့ ပြန်ရနိုင်မည်။ ထိုအစီအစဉ် သည် ကောင်းမည်ထင်၏။

အင်နီအား ချက်ချင်းပြောပြမှ ကောင်းလိမ့်မည်ဟု သူ ယူဆမိသဖြင့် အောက်ထပ်သို့ ဆင်း၍ အိမ်ရှင်အဘွားကြီးကို မေးသည်။ အင်နီ သူ့ဆီသို့ မလာဟု ပြောလိုက်သည့်အခါ ကားလ်သည် စိတ်ပူသွားသည်။ အင်နီသည် အနွေးထည် ဝတ်မသွား၊ ဂျက်ကက်အင်္ကျီလည်းပါမသွား၊ အလွန်အေးသော လမ်းပေါ်တွင် စကပ်နှင့် ဘလောက်အင်္ကျီသာ ဝတ်ထားပြီး လမ်းလျှောက်နေ ပါက အအေးမိတော့မည်မှာမလွဲ။

mgyoe.com

mgyoe.com

ကားလ်သည် အပေါ်ထပ်သို့ သူ့ကုတ်အင်္ကျီယူရန် ပြေးတက်လာခဲ့သည်။ အင်္ကျီယူဝတ်ပြီးပါက အင်နီအား ထွက်ရှာမည်ဟု စိတ်ကူးထား၏။ သို့သော်လည်း အင်နီသည် မှန်တင်ခုံရှေ့၌ ရပ်ကာ အံဆွဲတစ်ခုထဲသို့ သူ့စာမူထည့်နေသည်ကို တွေ့ရသည်။

"အင်နီ၊ မင်း ဘယ်သွားနေတာလဲ"

"ရှင် စာကျက်နိုင်အောင်လို့ ကျွန်မ အပြင်ထွက်ပေးတာ"

ကားလ်က အင်နီအား ဆွဲခေါ်သွားသည်။ လှုပ်ကုလားထိုင်ပေါ်၌ သူအလျင်ဝင်ထိုင်ကာ အင်နီအား သူ့ပေါင်ပေါ်ထိုင်ခိုင်းသည်။ အင်နီသည် ခိုက်ခိုက်တုန်အောင် အေးနေသည် မဟုတ်ပါလော။ သူသည် အင်နီအား တင်းကျပ်စွာ ဖက်ထားသည်။ "နောက်ကို ကိုယ်ဘာပြောပြော ဘာလုပ်လုပ် မင်း အခုလို ထွက်သွားလို့ မဖြစ်ဘူး။ မင်း ကိုယ်နဲ့ အဆင်ပြေအောင်ပဲနေပါ၊ ကိုယ် ပြောတာကြားလား"

အင်နီက ဘာမှ ပြန်မပြော၊ ကားလ်က တိုး၍တင်းကျပ်စွာ ဖက်လိုက်သည်။ "မင်း ကိုယ့်ကိုချစ်သလား အင်နီ"ဟု မေးသည်။

"ချစ်တယ် ကားလ်"

"တကယ်လို့ ကိုယ်ဟာ စက်ရုံတစ်ရုံက အလုပ်သမားဖြစ်နေရင်ကော မင်း ချစ်နေမှာပဲလား"

"ချစ်မှာပေါ့၊ ဒါပေမဲ့ ကိုယ်ဟာ ရှေ့နေပဲ ဖြစ်ရမှာ မဟုတ်လား"

"ဒီလိုကွာ၊ ကိုယ် ကျောင်းက တစ်နှစ်ထွက်လိုက်မယ်။ ကိုယ် ဆုံးဖြတ်ပြီးပြီ။ ဌာနမှူး ပြောတာ မှန်တယ် အင်နီရဲ့"

"အို၊ သူက ကိုယ့်စိတ်ကို စမ်းကြည့်နေတာဖြစ်မယ်၊ ကိုယ့်မှာ ရှေ့နေဖြစ်နိုင်တဲ့ ဖွဲ့နဲ့ လုံ့လ ဝီရိယ ရှိ မရှိ စမ်းကြည့်နေတာလို့ ထင်တယ်"

"ဒါပေမဲ့ ကိုယ်တို့ အဲဒီပုံစံအတိုင်း ဇွတ်လျှောက်နေလို့ဖြစ်မှာမဟုတ်ဘူး အင်နီ"

"ဘာလို့ မဖြစ်ရမှာလဲ၊ ဖြစ်ရမှာပေါ့ ကားလ်ရဲ့။ တစ်ချိန်မှာ တစ်ရက်ပဲ နေသွားမယ်လေ။ တစ်ရက်မှာ ဖြစ်လာသမျှကို ဖြတ်သန်းပြီး နေသွားမယ်၊ နောက်တစ်ရက်အတွက် ဘာမှစဉ်းစားမနေနဲ့၊ နောက်တစ်ရက်ကျတော့ အဲဒီရက်မှာ ရှိနေတဲ့အတိုင်း နေသွားကြမယ်၊ ဒါဆိုရင် အင်နီတို့မှာ ဘာပြဿနာမှ မရှိနိုင်တော့ဘူး"

mgyoe.com

mgyoe.com

"ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမဲ့ ကိုယ့်မှာ အမြဲတမ်း ပုံမှန်ဝင်ငွေ ရနေမယ့် အလုပ်တစ်ခုတော့ရှိမှဖြစ်မှာ...။ ကျောင်းထွက်မယ်ဆိုတာက တစ်နှစ် တည်းပါ။ ပြီးရင် ကျောင်းပြန်တက်မှာပေါ့"

"လူတွေဟာ သူတို့ ထားပစ်ခဲ့တဲ့ နေရာကို ဘယ်တော့မှ ပြန်မရောက် ကြဘူး ကားလ်။ အင်နီပြောတာကို နားထောင်ပါ။ သေသေချာချာ နားထောင် နော်၊ ကို ကျောင်းကထွက်ရင် အင်နီ ကို့ကို ထားခဲ့ရလိမ့်မယ်။ ဒါပါပဲ"

အင်နီသည် ညဝတ်အင်္ကျီကိုယူ၍ ဆပ်ပြာ၊ သွားတိုက်ဆေး၊ သွား ပွတ်တံများကိုယူကာ ရေချိုးခန်းသို့ ထွက်သွားသည်။ သူပြောလိုက်သည့် စကားကို အချိန်ယူ၍စဉ်းစားရန် ကားလ်အား လမ်းဖွင့်ပေးခဲ့ခြင်းပေတည်း။

သူ ရေချိုးခန်းမှပြန်လာသည့်အခါ ကားလ်သည် စာကြည့်စားပွဲ၌ ထိုင်၍ငိုင်နေသည်ကို မြင်ရသည်။ အင်နီသည် သူ့အနား၌ လာရပ်သည်။ "ဖြစ်လာတဲ့ကိစ္စတွေဟာ ထင်သလောက် ဆိုးချင်မှဆိုးတာပါ ကားလ်ရယ်၊ အင်နီ စုထားတဲ့ငွေဟာ တနင်္လာနေ့ဆိုရင် ဒီကို ရောက်လာတော့မှာပါ။ အင်နီ အလုပ်တစ်ခု ရှာလို့မရခင် အချိန်အထိတော့ အခက်အခဲရှိမယ် မထင်ပါဘူး"

အင်နီက ကားလ်၏ဦးခေါင်းကိုဆွဲယူကာ သူ့ရင်ခွင်၌ပိုက်ထားသည်။ "ကို့အနေနဲ့ တကယ်တမ်း ကျောင်းကထွက်ချင်တာမဟုတ်ပါဘူး။ အင်နီ သိပါတယ်၊ ဟုတ်တယ် မဟုတ်လား"

ရုတ်တရက် အင်နီ၏ညဝတ်အင်္ကျီတွင် စိုရွှဲလာသည်ကို သတိထား လိုက်မိ၏။ ဖြစ်နိုင်ပါ့မလားဟု အင်နီ တွေးသည်။ ယောကျ်ားတွေဆိုတာ မငိုကြပါဘူး။ "ဘာဖြစ်တာလဲ အချစ်ရယ်" ဟု အင်နီက မေးသည်။

"ဘာမှ မဖြစ်ပါဘူး၊ ကိုယ် ပျော်လွန်းလို့ပါ" ဟု ကားလ်က ပြန်ဖြေ ကာ အင်နီအား ဖက်ထားသည်။ "ကိုယ်ပျော်တာ တခြားကြောင့် မဟုတ်ဘူး။ မင့်ကို အပိုင်ရထားလို့၊ နောက်တစ်ချက်က ကိုယ်ကျောင်းက ထွက်ချင်မှ ထွက်ရတော့မှာ မဟုတ်လား။ နောက်ပြီးတော့ မင်းပြောသလိုပဲ ဌာနမှူးက ကိုယ့်ကို စမ်းနေတာ ဖြစ်ချင်ဖြစ်မယ်"

"အားလုံးဟာ အဆင်ပြေသွားမှာပါ အချစ်ရယ်" ဟု အင်နီက ပြော သည်။ "ကဲပါ အိပ်ကြစို့၊ အင်နီလည်း ဒီနေ့ လမ်းလျှောက်ရတာ သိပ်များ လို့ ပင်ပန်းနေတယ်"

"ဒီနေ့ ပြဇာတ်လည်း ဆက်ရေးရသေးတယ် မဟုတ်လား"

mgyoe.com

"ဟင့်အင်း၊ စာရေးရတာ မမောပါဘူး။ တကယ်တော့ လမ်းလျှောက်ရတာလည်း မပင်ပန်းပါဘူး။ ပြဿနာတွေကို ဘယ်လိုရှင်းရမလဲလို့ တွေးရတာက အရမ်းပင်ပန်းတယ်"

အင်နီသည် ဘရပ်ရှ်ကိုထုတ်၍ ဆံပင်ကိုဖြီးသည်။ ကားလ်က ကျစ်ဆံမြီး ကျစ်ပေးသည်။ အိပ်ရာဝင်သည့်အခါ တယုတယ စောင်ခြုံပေးသည်။ အင်နီ အိပ်ရာမှနိုးလာသည့်အခါ အမှောင်ရိပ်များ မပြယ်သေး။ တက္ကသိုလ်နာရီစင်ဆီမှ ခြောက်နာရီထိုးသံ ထွက်ပေါ်လာသည်။

သူတို့သည် ညက ရန်ပွဲကို မေ့သွားကြပြီ။ လမ်းထိပ်ထောင့်မှ ဆိုင်သို့ထွက်ကာ မနက်စာ စားကြသည်။ ထို့နောက် ကားလ်သည် သူပို့ရမည့် သတင်းစာထုပ်ကိုယူ၍ အင်နီအား နှုတ်ဆက်သည်။

လမ်းများပေါ်တွင် လူသွားလူလာ မရှိသေး။ အင်နီသည် သူ့ကမ္ဘာလေးထဲတွင် တစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။ ကားလ် ထွက်သွား၍ ရင်ထဲ၌ အထီးကျန်ခံစားရခြင်းသည် ကောင်းသည်ဟု သူထင်သည်။ ဤခံစားမှုသည် မိမိတို့နှစ်ဦးကြားရှိ သံယောဇဉ်ကြိုးကို ပိုမိုခိုင်မာစေလိမ့်မည် မဟုတ်ပါလား။

သူသည် တက္ကသိုလ်ဝင်းထဲအထိ လျှောက်လာခဲ့သည်။ မဂ်လာဦးက ရောက်ခဲ့ဖူးသည့် ခုံတန်းကလေးပေါ်၌ အေးအေးဆေးဆေးဝင်ထိုင်ကာ ရှေ့တည့်တည့်မှ တက္ကသိုလ်စာကြည့်တိုက်ကို မျှော်ကြည့်နေသည်။ အောက်တိုဘာလကုန်ပေတော့မည်။ ထင်းရှူးပင်မှဆူးနံ့များသင်းပျံ့နေသည်။တက္ကသိုလ်ဝင်းထဲတွင် ထင်းရှူးပင်များမရှိပါဘဲလျက်နှင့် ဘာ့ကြောင့် ဤအနံ့များ ရှိနေပါလိမ့်။ ဤအနံ့များသည် မြောက်ပိုင်းဒေသကများ လာနေသလား။

လူတွေက သူ့အကြောင်းနှင့်သူ မွေးဖွားလာကတည်းက ဖြစ်ဖို့ ဇာတာပါလာလျှင် ဖြစ်ကြသည်ဟု ထင်သည်။ ကားလ်သည် ကံကောင်းသည်။ မွေးကတည်းက ရှေ့နေဖြစ်ဖို့ ဇာတာပါလာသဖြင့် တက္ကသိုလ်ရောက်ကာ ဥပဒေကျောင်းသား ဖြစ်လာရသည်။ မိမိအနေဖြင့်လည်း ကံကောင်းသည်ဟုပင် ဆိုရမည်ဖြစ်သည်။ သူ့အနေဖြင့် တက္ကသိုလ်စာကြည့်တိုက်သို့ အချိန်မရွေး သွားနိုင်သည်။ ဒါဆိုလျှင် တက္ကသိုလ်ကျောင်းသူတစ်ဦးဖြစ်လာသည်နှင့် အတူတူပင် ဖြစ်သည်ဟု ပြောနိုင်၏။

နာရီစင်မှ ခုနစ်နာရီ ထိုးသံကြားရသည်။ ရုတ်တရက် ချက်ချင်း

mgyoe.com